မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၈ ရက်၊ ၂၀၀၆ ခုနှစ်၊ မေ ၁၉ ရက်၊ သောကြာနေ့၊ အတွဲ (၄၅)၊ အမှတ် (၂၂၈)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံ တော်နှင့် တိုင်းရင်းသား ပြည်သူ တို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ် နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မား ရေးနှင့်ယဉ်ကျေးမှုအမွေအနှစ် များ၊အမျိုးသားရေး လက္ခဏာ များ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ် (နိုင်ငံရေးရာ) မစ္စတာ အီဘရာဟင် အေ ဂမ်ဘာရီနှင့်အဖွဲ့ ရန်ကုန်မြို့သို့ ရောက်ရှိ

ကြိုဆိုနှုတ်ဆက်

ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ်(နိုင်ငံရေးရာ) မစ္စတာ အီဘရာဟင် အေ ဂမ်ဘာရီနှင့်အဖွဲ့ ရန်ကုန်အပြည် ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာရာ နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ သိပ္ပံနှင့် နည်းပညာ ဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းတို့က ကြိုဆိုနှုတ်ဆက် ကြစဉ်။

(သတင်းစဉ်)

ရန်ကုန် မေ ၁၈

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၏ဖိတ်ကြားချက်အရ ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ်(နိုင်ငံရေးရာ) မစ္စတာ အီဘရာဟင် အေ ဂမ်ဘာရီသည် စင်ကာပူ သမ္မတနိုင်ငံမှ ဆစ်(ခ)လေကြောင်းဖြင့် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့သို့ ရောက်ရှိလာသည်။

ကြိုဆိုနှုတ်ဆက်

မစ္စတာ အီဘရာဟင် အေ ဂမ်ဘာရီအား နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီး ဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမြ၊ နယူးယောက်မြို့ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်း ကိုယ်စားလှယ် သံအမတ်ကြီး ဦးကျော်တင့်ဆွေ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိ ပုဂ္ဂိုလ်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

လိုက်ပါလာ

မစ္စတာ အီဘရာဟင် အေ ဂမ်ဘာရီနှင့်အတူ ကုလသမဂ္ဂ အာရှနှင့် ပစိဖိတ်ဒေသ ဆိုင်ရာဌာနခွဲမှ ညွှန်ကြားရေးမှူး မစ္စတာ မိုက်ကယ်ဝီလီယံ၊ ဒုတိယညွှန်ကြားရေးမှူး မစ္စ ဘန်ယောင်ချူးနှင့် ယူအင်ဒီပီမှ မစ္စတာ ချားလ်စ်ပေထရီတို့ လိုက်ပါလာကြသည်။

(သတင်းစဉ်)

ဖြူးချောင်း ရေလှောင်တမံ ဘက်စုံစီမံကိန်း

လယ်ယာစိုက်ပျိုးရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည် ဆောက်ရေး(၄)မှ ပဲခူးတိုင်း ဖြူးမြို့နယ်ရှိ ဖြူးချောင်းကို ပိတ်၍ မြေသားတမံနှင့် ရေပိုလွှဲတည်ဆောက်မည့် ဖြူးချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်း မြင်ကွင်းကို ဧပြီ ၂၆ ရက်က ရှင်းလင်း ဆောင် ကုန်းမြင့်မှ ဤသို့ တွေ့ရသည်။

(သတင်းအကျယ်– ကျောဖုံး၊ စာ–၁၁)

ကွင်းဆင်းလေ့လာ ရေးသားသူ – ကျော်စိန်
ဓာတ်ပုံ – သိန်းဝင်းလေး
(မြန်မာ့အလင်း)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း **အယ်ဒီတာ့ အာဘော်** (၂၀၀၆ ခုနှစ်၊ မေလ ၁၉ ရက်)

မိုးရာသီတွင် ဖြစ်ပွားတတ်သောရောဂါများ ကြိုတင်ကာကွယ် ကျန်းမာကြံ့ခိုင်ပြီး ပျော်ရွှင်ချမ်းမြေ့သော မိသားစုဘဝကိုရယူ

မိုးဦးကျကာလသည် ဝမ်းလျှောဝမ်းပျက်ရောဂါ အဖြစ်များသောကာလ ဖြစ်သည်။ မိုးဦးကျချိန်တွင် သောက်သုံးရေထဲသို့ ညစ်ညမ်းသောရေနှင့် ရောဂါပိုးများဝင်ရောက်ကာ ကူးစက်ရောဂါများ ဖြစ်စေသည်။ အစားအစာများ ပုပ်သိုးလွယ်သဖြင့် စားသုံးမိသူများ ဝမ်းသွားတတ်သော ကာလဖြစ်သည်။ ယင်ကောင်များ ပေါက်ပွားပေါများသော ကာလဖြစ်၍ ယင်မှတစ်ဆင့် အစားအစာများ၌ ရောဂါပိုးများ ကူးစက်စေသည်။

သို့ဖြစ်၍ မိုးဦးကျချိန်တွင် ဝမ်းလျှောဝမ်းပျက်ရောဂါဖြစ်ပွားမှုမှ ကာကွယ်ရန် ရေကိုကျိုချက်၍ သောက်ခြင်း၊ အထူးသဖြင့် ကလေးငယ်များကို ရေကျက်အေးတိုက်ခြင်း၊ ရေတွင်းရေကန်များထဲသို့ ညစ်ညမ်းသောရေနှင့် အမှိုက်သရိုက်များ မဝင်ရောက်နိုင်ရန် ကာကွယ်ခြင်း၊ သန့်ရှင်းလတ်ဆတ်သော အစာများကိုစားခြင်း၊ အစားအစာများကို ယင်မနားအောင် ဖုံးအုပ်ကာကွယ်ထားခြင်း၊ အစားအစာများထဲသို့ လက်မှတစ်ဆင့် ရောဂါပိုးများမဝင်နိုင်ရန် အစာကိုင်သောလက်ကို ဆပ်ပြာဖြင့် စင်ကြယ်စွာဆေးကြောခြင်းနှင့် အိမ်သာမှအထွက် လက်ကိုဆပ်ပြာဖြင့် စင်စင်ဆေးခြင်းတို့ကို ပြုလုပ်ရန်လိုအပ်ပါသည်။

ယင်းသို့ ကာကွယ်မှုဆောင်ရွက်ပါလျက် ဝမ်းလျှောဝမ်းပျက်ရောဂါဖြစ်လာခဲ့လျှင် ဓာတ်ဆားရည်ကို အညွှန်းအတိုင်း အတိအကျဖျော်တိုက်ခြင်း၊ ဆေးရုံဆေးခန်းများသို့ အမြန်ဆုံးပြသခြင်းနှင့် မိမိမှတစ်ဆင့် အခြားသူများသို့ ရောဂါမကူးစက်စေရန် ကာကွယ်ခြင်းတို့ကိုလည်း ဆောင်ရွက်သွားရမည်ဖြစ်သည်။

မိုးရာသီတွင် ရေဝပ်ခြင်းကြောင့် ခြင်ပုန်း၊ ခြင်ကျားများ ပေါက်ပွားတတ်ပါသည်။ ယင်းခြင်များအကိုက်ခံရပါက အသက်သုံးနှစ်မှ ၁၄ နှစ်အထိ ကလေးငယ်များတွင် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားနိုင်ပါသည်။ သွေးလွန်တုပ်ကွေးရောဂါဖြစ်လျှင် ရင်သွေးငယ်များ အသက်ဆုံးရှုံးသည်အထိ ဖြစ်နိုင်သဖြင့် သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ကြရပါမည်။

သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုမှကာကွယ်ရန် ရေစည်၊ ရေအိုးများကို လုံခြုံစွာ ဖုံးအုပ်ထားခြင်း၊ ရေအိုး၊ ညောင်ရေအိုးတို့မှ ရေကို နေ့စဉ်လဲလှယ်ပေးခြင်း၊ ရေစည်၊ ရေအိုးများရှိ ပိုးလောက်လမ်းများအား ရေစစ်ဖြင့်ခပ်ထုတ်ပစ်ခြင်း၊ မိုးရေတင်နိုင်သော ဘူးခွံ၊ ပုံးခွံ၊ တာယာစုတ်၊ အိုးခြမ်းပဲ့ စသည်တို့ကို ဖယ်ရှားရှင်းလင်းခြင်း၊ အလင်းရောင်ရရှိရန် တံခါးများကို နေ့ခင်းပိုင်းတွင်ဖွင့်ထားခြင်း၊ အိမ်တွင်းအိမ်ပြင် သန့်ရှင်းစွာထားခြင်း၊ ကလေးများအိပ်ချိန်တွင် ခြင်ထောင်ဖြင့်သိပ်ခြင်း၊ အိမ်ပတ်ဝန်းကျင်ရှိ ရေဝပ်နိုင်သော မြေနိမ့်များကို မြေဖို့ခြင်း၊ မိမိတို့အိမ်ရှေ့၊ အိမ်နောက်ရှိ ရေမြောင်းများကို ရေစီးရေလာကောင်းအောင် ရှင်းလင်းခြင်းများကို ပြုလုပ်သင့်ပါသည်။

ထိုသို့ဖြင့် မိုးရာသီတွင် ဖြစ်ပွားတတ်သော ရောဂါများ ကြိုတင်ကာကွယ်ရေးတွင် ပြည်သူလူထုတစ်ရပ်လုံးက တက်ကြွစွာ ပါဝင်ဆောင်ရွက်ပါက ကျန်းမာကြံ့ခိုင်ပြီး ထာဝရ ပျော်ရွှင်ချမ်းမြေ့သော မိသားစုဘဝကို ရရှိခံစားနိုင်ကြမည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓ သာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေး ကော်မတီ ရုံးခန်း (ဗဟန်း ၃လမ်းမှတ်တိုင်အနီး) တွင် လယ်ဝေးမြို့ အမှတ်(၁)ရပ်ကွက် လျှပ်စစ်ရုံးရှေ့နေ ကွယ်လွန်သူဖခင်ကြီး ဦးတင်မောင်အားရည်စူး၍ သားသမီးတစ်စုက ငွေကျပ်သုံးသိန်းကို စာရင်းစစ် ဦးစန်မင်းထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ချေးငွေထုတ်ချေးရာတွင် ထိရောက်စွာ စီမံခန့်ခွဲမှုပြုရေး ငွေကြေးဆိုင်ရာ ဘဏ်လုပ်ထုံး၊ လုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်

ရန်ကုန် မေ ၁၈

၂၀၀၆–၂၀၀၇ ဘဏ္ဍာရေးနှစ်အတွင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ မန္တလေးတိုင်းနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) အတွင်း ၂၀၀၆ခုနှစ် မိုးရာသီဘဏ်ချေးငွေ ထုတ်ချေးရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ၁၀ရက် နံနက် ၉ နာရီက မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မန္တလေးတိုင်းဘဏ်ခွဲ အစည်းအဝေးခန်းမ၌ကျင်းပရာ မန္တလေးတိုင်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) အတွင်းရှိ ခရိုင်မန်နေဂျာများနှင့် မြို့နယ်မန်နေဂျာများ တက်ရောက်ကြသည်။

ဆွေးနွေးမှာကြား

အစည်းအဝေးတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်လွမ်းက ချေးငွေထုတ်ချေးရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးမှာကြားသည်။ ထို့နောက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ရုံးချုပ်မှ ဒုတိယ အထွေထွေမန်နေဂျာ၊ မန္တလေးတိုင်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ချေးငွေကြီးကြပ်တာဝန်ခံ ဦးဝင်းဟန်၊ မန္တလေးတိုင်းမန်နေဂျာ ဒေါ်ခင်ပြုံးရည်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) မန်နေဂျာ ဦးလှတိုးတို့က မြို့နယ်အသီးသီး၏ ၂၀၀၆ မိုးဘဏ်ချေးငွေ ထုတ်ချေးရေးကို လျာထားသည့် သတ်မှတ်ကာလအတွင်း ထုတ်ချေးနိုင်ရေးအတွက် လိုက်နာဆောင်ရွက်ရန် ကိစ္စရပ်များကို ရှင်းလင်းမှာကြားသည်။

ယင်းနောက် မြို့နယ်အလိုက် တင်ပြချက်များအပေါ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်လွမ်းက ရှင်းလင်းဆွေးနွေးပြီး ချေးငွေထုတ်ချေးရာတွင် ထိရောက်စွာ စီမံခန့်ခွဲမှုပြုရေး၊ ငွေကြေးအလွဲသုံးစားမှု၊ ဆုံးရှုံးမှုမဖြစ်စေရေးအတွက် ငွေကြေးဆိုင်ရာ ဘဏ်လုပ်ထုံး၊ လုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ကြရေး အသေးစိတ် ဆွေးနွေးမှာကြားသည်။

၂၀၀၆ခုနှစ် မိုးရာသီဘဏ်ချေးငွေကို မန္တလေးတိုင်းအတွင်း ငွေကျပ်သန်း၄၀၀၀နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) အတွင်းငွေကျပ်သန်း၂၁၀ ထုတ်ချေးရန် လျာထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆိပ်ကြီးခနောင်တိုမြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်အေးရီ ဦးဆောင်သော မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ ကဆုန်လပြည့်နေ့က ဆိပ်ကြီးအရှေ့ရပ်ကွက်ရှိ သဗ္ဗသိဒ္ဓိရှင် မြို့ဦးစေတီတော်ရှိ ဗောဓိညောင်ပင်ကို ညောင်ရေသွန်းလောင်းစဉ်။ (မြို့နယ် ပြန်/ဆက်)

စာပေဗိမာန်စာမူဆုပြိုင်ပွဲ (၂၀၀၅) အတွက် ဘာသာပြန်စာမူပြဋ္ဌာန်း

ရန်ကုန် မေ ၁၈

နှစ်စဉ်ကျင်းပလျက်ရှိသော စာပေဗိမာန်စာမူပြိုင်ပွဲသို့ ဝင်ရောက် ယှဉ်ပြိုင်နိုင်ရန် ၂၀၀၅ ခုနှစ်အတွက် စာမူများကို ဖိတ်ခေါ်ခဲ့ပြီးဖြစ်သည်။ ဘာသာပြန်စာမူဆု (၂၀၀၅ခုနှစ်အတွက်) ASEAN FOLK LITERATURE, AN ANTHOLOGY မှ အခန်းခြောက်ခန်းကို ပြဋ္ဌာန်းလိုက်သည်။ အဆိုပါစာအုပ်ကို ရန်ကုန်မြို့ အမှတ် (၅၂၉–၅၃၁) ကုန်သည်လမ်း စာပေဗိမာန်အရောင်းဆိုင်၌ တန်ဖိုး ငွေကျပ်၁၄၀ဖြင့်ဝယ်ယူ၍ ပြန်ဆိုကာ ပြိုင်ပွဲဝင်နိုင်သည်။

ပြိုင်ပွဲဝင်စာမူအတွက် သတ်မှတ်ထားသည့်ပုံစံဖြင့် လက်ခံမည်ဖြစ်ပြီး ယင်းပုံစံနှင့် စည်းကမ်းချက်များကို စာပေဗိမာန်အဖွဲ့ စာတည်းဌာန၌ ငွေကျပ်၃၀ဖြင့် ဝယ်ယူနိုင်သည်။ နယ်မှ မှာယူလိုသူများသည် ငွေကျပ် ၄၀ကို ငွေသား(သို့မဟုတ်)တံဆိပ်ခေါင်းတန်ဖိုးဖြင့် ပေးပို့ မှာယူနိုင်ကြောင်း သိရှိရသည်။

ပေးပို့ယှဉ်ပြိုင်နိုင်

ဘာသာပြန်စာမူပြဋ္ဌာန်းစာအုပ်ကို နယ်မှ ဝယ်ယူလိုသူများသည် စာအုပ်တန်ဖိုးနှင့် တံဆိပ်ခေါင်းဖိုး အပါအဝင် စုစုပေါင်းငွေကျပ်၁၈၀ကို ငွေပို့လွှာဖြင့် ဖော်ပြပါလိပ်စာအတိုင်း မှာယူရရှိနိုင်ပြီး ဘာသာပြန် စာမူကို စာတည်းမှူးချုပ် စာပေဗိမာန်အဖွဲ့ အမှတ် (၅၂၉–၅၃၁)ကုန်သည်လမ်း ရန်ကုန်မြို့သို့ ၁၅–၉–၂၀၀၆ရက် နောက်ဆုံးထား၍ ပေးပို့ယှဉ်ပြိုင်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၁၉–၅–၂၀၀၆
(သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ ကျန်းမာရွှင်လန်း ယောဂအစွမ်း
- ၇:၁၅ ၄။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ကျန်းမာရွှင်လန်း ယောဂအစွမ်း
- ၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၂၀ ၅။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄:၃၀ ၆။ နားဝင်ငြိမ့်စီးသီချင်းကြီး
- ၄:၄၀ ၇။ မျိုးချစ်တပ်မတော်
- ၄:၅၀ ၈။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၅:၄၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၂။ မိုးလေဝသသတင်း
- ၆:၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၄၀ ၁၄။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
- ၆:၅၀ ၁၅။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“နန်းတွင်းရတနာ”** (အပိုင်း–၄၂)
- ၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၉။ Goals Show
- ၂၀။ စိုက်ပျိုးသုတ
- ၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“လက်မတင်ကလေး”** (အပိုင်း–၄)

ပေးအပ် လှူဒါန်း

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းထံ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းမှ အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

● **ကျောဖုံးမှ**

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဇနီး ဒေါ်ကြည်ကြည်ဝင်းနှင့် မိသားစုတို့၏ လှူဒါန်းငွေကျပ် ၅၀၀၀၀ ကို ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)ထံ ပေးအပ်လှူဒါန်းသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းထံ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းနှင့် မြန်မာ့ရုပ်ရှင်လုပ်ငန်းတို့က ငွေကျပ်၃၀၀၀၀၀ စီ၊ Eleven Media အားကစားဂျာနယ်က ငွေကျပ် ၅၀၀၀၀၀၊ နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း(၇)နှစ်မြောက်အထိမ်းအမှတ်အဖြစ် စာတည်းမှူးချုပ် ဦးအုန်းမောင်(မြင်းမူ မောင်နိုင်မိုး)က ငွေကျပ် ၃၀၀၀၀၀၊ သုတစွယ်စုံစာအုပ်တိုက်မှ ဒေါက်တာတင်ထွန်းဦးနှင့် ဇနီးက ငွေကျပ်၂၅၀၀၀၀၊ မင်္ဂလာတောင်ညွန့်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့နာယက ဦးကျော်ညွန့်(ကျော်ညွန့်ရည်) နှင့် ဇနီး ဒေါ်ဝါဝါကျော်နှင့် မြင်းမိုရ်ခေတ် (၁၀၀၀၀) ကုမ္ပဏီက ဦးမြသိန်း(မိုးထက်မြင့်-မြစ်ဝကျွန်းပေါ်)တို့က ငွေကျပ် ၂၀၀၀၀၀ စီ၊ ဦးနိုင်ကြီး (အနာဂတ် ကျန်းမာရေးဂျာနယ်)က ငွေကျပ် ၁၂၀၀၀၀၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင် ကော်မတီဝင် ဒေါ်ခင်ခင်စိန်(ယုဝတီခင်စိန်လှိုင်)က ငွေကျပ် ၁၀၀၀၀၀နှင့် Forever Group မှ ဦးဝင်းမော်က ငွေကျပ် ၂၀၀၀၀၀တို့ကို ပေးအပ်လှူဒါန်းကြသည်။

ဂုဏ်ပြုမှတ်တမ်းလွှာ

ဆက်လက်၍ ဦးမြင့်သန်း(Kids Zone)(ကလေးဂျာနယ်)၊ Faces (မုခ)မဂ္ဂဇင်း၊ ဦးစိုးမိုးသန်း(ရန်ကုန်လမ်းညွှန်)၊ မြန်မာနယူးစ်ဝိစ်သတင်းဂျာနယ်နှင့်မြန်မာနိုင်ငံပုံနှိပ်နှင့်ထုတ်ဝေသူများအသင်းတို့က ငွေကျပ်၁၀၀၀၀၀ စီ၊ ဖတိုသစ်စက်မိသားစု၊ ခရမ်းပြာဂျာနယ်၊ သရဖူမဂ္ဂဇင်း၊ Wellness မဂ္ဂဇင်း၊ ဦးချစ်မောင်(ရုပ်ရှင်တေးကဗျာမဂ္ဂဇင်း)နှင့် ဦးအောင်မြတ်(ပညာရွှေတောင်စာပေ)တို့က ငွေကျပ် ၅၀၀၀၀စီတို့ကို လည်းကောင်း၊ ဦးချစ်နိုင်(ချစ်နိုင်စိတ်ပညာ)က သုတစာအုပ် ၃၀၀၊ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းဗဟိုအမှုဆောင်ကော်မတီဝင် ဦးစိုးရှိန်(မောင်စိုးထိုက်-သုံးဆယ်)က လူငယ်စာပေစာအုပ် ၃၀၀၊ အင်းစိန်မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင်မြင့်အေး(လာဘ်မိုးစွေစာပေ)က သုတရသစာအုပ် ၃၀၀ နှင့် ဗဟန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သိန်းဝင်း(မောင်ခိုင်ခန့်)က သုတစာအုပ် ၃၅၀ တို့ကိုလည်းကောင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးစိုးဝင်း(တက္ကသိုလ်စိုးယဉ်)မိသားစုတို့က ငွေကျပ် ၁၀၀၀၀ စီတို့ကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌများက အသီးသီးလက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးထံ အလှူရှင်တစ်ဦးက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ စာပေနှင့် စာနယ် ဇင်း အဖွဲ့ ဒုတိယဥက္ကဋ္ဌ(၂) ဦးသန်းမောင်ထံ အလှူရှင်တစ်ဦးက အလှူငွေများပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

အဆိုပါအခမ်းအနားတွင် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ် စာပေညီလာခံအတွက် ဂုဏ်ပြုလှူဒါန်းငွေ စုစုပေါင်းငွေကျပ် ၄၂၄၀၀၀၀ နှင့် သုတရသစာအုပ်မျိုးစုံ ၁၂၅၀ တို့ကို အလှူရှင်အသီးသီးက ပေးအပ်လှူဒါန်းကြကြောင်း သိရှိရသည်။

ဆက်သွယ်လှူဒါန်းနိုင်

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ် စာပေညီလာခံအတွက် အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက ရန်ကုန်မြို့ အမှတ် ၅၂၉ ကုန်သည်လမ်းနှင့် ၃၇ လမ်းထောင့်ရှိ စာပေဗိမာန်အဆောက်အအုံ(ဒုတိယထပ်) ဖုန်း-၂၅၄၁၇၃၊ ၂၅၂၄၁၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သမိုင်းဝင်ရွှေမော်တင်စေတီ ဘက်စုံမွမ်းမံရေးလှူဒါန်းနိုင်

ရန်ကုန် မေ ၁၈

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် သမိုင်းဝင်ရွှေမော်တင်စေတီတော်မြတ်ကြီး၏ ဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်ရေးလုပ်ငန်းမှ စောင်းတန်းကြီးများ တည်ဆောက်နေပြီဖြစ်ပါ၍ ၁၀ ပေ x ၁၅ ပေ အခန်း တစ်ခန်းလျှင် ကျပ်သုံးသိန်းငါးသောင်းဖြင့် ကမ္ပည်းမော်ကွန်းများ ထိုးပေးမည်ဖြစ်သည်။

ကုသိုလ်ပါဝင် လှူဒါန်းလိုသူများသည် ဦးဇော်စိုး မြို့နယ်ဥက္ကဋ္ဌ ဖုန်း-၆၂၀၀၄၂၊ ဦးသန်းတင် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဖုန်း-၆၂၀၁၁၈၊ ဦးခင်အောင် ဦးစီးကော်မတီ ဖုန်း-၆၂၀၄၁၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်း အမှတ် (၆၅-ဘီ၊၂-စီ)နေ တီ=နိ(ပင်မ)ဥက္ကဋ္ဌ ဦးအေးဖေ-ဒေါ်ခင်မမမိသားစုက ဒဂုံမြို့နယ် အမှတ်၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေ ကျပ်နှစ်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာတရား နာယူပြီး တီ=နိ နာယက ဦးလှမိုးထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

၂၀၀၆ခုနှစ် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား တင်းနစ်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် မေ ၁၈

မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်ကကြီးမှူး၍ ၂၀၀၆ခုနှစ် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား တင်းနစ်ပြိုင်ပွဲကို မေ ၂၂ ရက်မှ ၂၈ ရက်အထိ ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် အမျိုးသားအလွတ်တန်း တစ်ဦးချင်းပြိုင်ပွဲနှင့် နှစ်ယောက်တွဲပြိုင်ပွဲ၊ အသင်းလိုက်ပြိုင်ပွဲနှင့် အသက်(၁၀)နှစ်၊ အသက်(၁၂)နှစ်နှင့် အသက်(၁၄)နှစ်နှင့်အောက်အမျိုးသား၊ အမျိုးသမီးလူငယ်တင်းနစ်ပြိုင်ပွဲများပါဝင်မည်။ အဆိုပါ တင်းနစ်ပြိုင်ပွဲ စည်းကမ်းများ သတ်မှတ်ထားရာ အသင်းလိုက်ပြိုင်ပွဲတွင် နှစ်ယောက်တွဲ သုံးပွဲ ကစားခွင့်ပြုမည်ဖြစ်ပြီး အသင်းတစ်သင်းလျှင် အားကစားသမား အနည်းဆုံးခြောက်ဦးနှင့် အများဆုံးခုနစ်ဦးသတ်မှတ်ထားသည်။ ပြည်နယ်နှင့် တိုင်းအဆင့်မဟုတ်သူများ၊ အသက်(၄၅)နှစ်အထက် ပြည်နယ်နှင့်တိုင်းလက်ရွေးစင်ဟောင်းများ တစ်သင်းလျှင် တစ်ဦးသာပါဝင်ခွင့်ရှိသည့်အပြင် အသက်(၅၀)အထက် ပြည်နယ်နှင့်တိုင်း လက်ရွေးစင်ဟောင်းများ တစ်သင်းလျှင် အားကစားသမားဦးရေ ကန့်သတ်ချက်မရှိ ပါဝင်ခွင့်ရှိသည်။

ယင်းပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ကြမည့် နယ်မှလာရောက်ယှဉ်ပြိုင်သော ကလပ်အသင်းများနှင့် လူငယ်သက်တမ်းအလိုက် ပါဝင်ကစားလိုသူများကို မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်က တည်းခိုရန်စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်သည်။

ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် အားကစားသမားများသည် မေ ၂၁ ရက် နံနက် ၁၀ နာရီနောက်ဆုံးထား၍ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် ဖုန်း-၃၇၂၃၆၀ သို့ ဆက်သွယ်စုံစမ်းစာရင်းပေးသွင်းရမည်ဖြစ်ပြီး မေ ၂၁ ရက် မွန်းလွဲ ၁ နာရီတွင် ပွဲစဉ်များရေးဆွဲမည့် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ရုံးသို့ အသင်းတစ်သင်းမှ တာဝန်ရှိသူတစ်ဦးတက်ရောက်ကြရန် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နမိုးနီးယားရောဂါဆိုင်ရာ ဟောပြောပွဲကျင်းပမည်

ရန်ကုန် မေ ၁၈

မြန်မာနိုင်ငံ ဆရာဝန်အသင်း (ဗဟို)အထူးဗိဇ္ဇဖေဒအဖွဲ့က ကြီးမှူး၍ Highlight on Avian Influenza ဟောပြောပွဲကို မေ ၂၀ရက် (စနေနေ့) နံနက်၉နာရီတွင် အမှတ် ၂၄၉ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ အသင်းခန်းမဆောင်(ဘီ)၌ ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ အခမဲ့တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တန်ချိန် ၂၇၀၀ပါ စားအုန်းဆီသင်္ဘောရောက်ရှိ

ရန်ကုန် မေ ၁၈

နိုင်ငံတော် အစီအစဉ်ဖြင့် မလေးရှား၊ အင်ဒိုနီးရှားနှင့် စင်ကာပူနိုင်ငံများမှ စားအုန်းဆီများကို တင်သွင်းကာ ပြည်သူလူထုသို့ သက်သာသော ဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချလျက်ရှိရာ ယနေ့ နံနက်၁၀နာရီတွင် စားအုန်းဆီတန်ချိန် ၂၇၀၀ပါ MT-Smooth Sea (4) သင်္ဘော **(အောက်ပုံ)**သည် ရန်ကုန်မြို့ ထီးတန်းကျောက်မီးသွေး ဆိပ်ကမ်းသို့ရောက်ရှိလာရာ တာဝန်ရှိသူများက လာရောက် ကြည့်ရှုစစ်ဆေးကြသည်။

ထပ်မံဆိုက်ကပ်မည်

အလားတူမေ ၂၄ရက်တွင် စားအုန်းဆီတန်ချိန် ၂၇၅၀ပါ သင်္ဘောတစ်စင်းနှင့် မေ ၂၆ရက်တွင် စားအုန်းဆီတန်ချိန် ၂၉၀၀ပါ သင်္ဘောတစ်စင်းတို့ ထပ်မံဆိုက်ကပ်လာမည်ဖြစ် ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တရုတ်နိုင်ငံ ဟူနန်ပြည်နယ် ချန်ဟိုင်းမြို့တွင် ကွန်တိန်နာပေါက်ကွဲမှုကြောင့် မီးလောင်မှုဖြစ်ပွားနေသည်ကို မေ ၁၇ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တရုတ်နိုင်ငံ၌ ဇီဝလောင်စာဆီတန်ချိန် ၁၀ သန်း ၂၀၂၀ပြည့်နှစ်တွင် ထုတ်လုပ်နိုင်မည်ဟုဆို

ပေကျင်း မေ ၁၇

တရုတ်နိုင်ငံသည် ၂၀၂၀ပြည့်နှစ်အရောက်တွင် သန့်စင်ပြီးရေနံထုတ်ကုန်တန်ချိန် ၁၀သန်းအတွက် ဇီဝလောင်စာဆီဖြင့် အစားထိုးနိုင်လိမ့်မည်ဖြစ်ကြောင်း တရုတ်စွမ်းအင်အကြံပေးအဖွဲ့က မေ ၁၆ရက်၌ ပြောကြားလိုက်သည်။

သုံးစွဲ

တရုတ်နိုင်ငံက ၂၀၂၀ပြည့်နှစ်တွင် ကျောက်မီးသွေးတန်ချိန်သန်း ၄၀၀ မှ ၅၀၀ အထိရှိမည့် စွမ်းအင်ပမာဏနှင့်ညီမျှသော စွမ်းအင်အသစ်များ တိုးလာလိမ့်မည်ဖြစ်ကြောင်း စွမ်းအင်သုတေသနဌာနဒုတိယ ညွှန်ကြားရေးမှူး ဟန်ဝမ်ကီက ပြောကြားသည်။ ယင်းစွမ်းအင်အသစ်သည် တရုတ်နိုင်ငံ၏ နှစ်စဉ်စွမ်းအင်သုံးစွဲမှု၏ ၁၀ ရာခိုင်နှုန်းရှိလိမ့်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ပါဝင်

တရုတ်နိုင်ငံ၏ လျှပ်စစ်စွမ်းအင်အသစ်သည် ကီလိုဝပ်သန်းပေါင်း ၃၆၀ ကျော်ရှိမည်ဖြစ်ကြောင်း သိရသည်။ ယင်းလျှပ်စစ်စွမ်းအင်အသစ်တွင် ရေအားလျှပ်စစ် ကီလိုဝပ်သန်း ၃၀၀၊ လေအားလျှပ်စစ်ကီလိုဝပ်သန်း ၃၀၊ အသေးစားလေအားလျှပ်စစ်မှ ၁၅၀၀၀၀ကီလိုဝပ်၊ ဇီဝစွမ်းအင်မှ ကီလိုဝပ်သည် သန်း ၃၀၊ နေရောင်ခြည်စွမ်းအင်မှ ကီလိုဝပ် ၁ဒသမ ၈ သန်းပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ပြောကြား

၂၀၂၀ပြည့်နှစ် အရောက်တွင် တရုတ်နိုင်ငံ၏ အီသနောနှင့်ဇီဝဒီဇယ်ကဲ့သို့သော ဇီဝလောင်စာ အရည်တန်ချိန် ၁၂ သန်းထုတ်လုပ်နိုင်လိမ့်မည်ဖြစ်ကြောင်း၊ ယင်းမှာသန့်စင်ပြီးရေနံထုတ်ကုန်တန်ချိန် ၁၀ သန်းကို အစားထိုးနိုင်လိမ့်ဖြစ်ကြောင်း ဟန်က ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ

မလေးရှား ယဉ်ကျေးမှုပြပွဲ အင်္ဂလန်နိုင်ငံလန်ဒန်၌ ခင်းကျင်းပြသမည်

ကွာလာလမ်ပူ မေ ၁၈

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တွင် မလေးရှားယဉ်ကျေးမှုရက်သတ္တပတ်ပြပွဲကို ခင်းကျင်းပြသမည်ဖြစ်ကြောင်း မလေးရှား အရာရှိတစ်ဦးက မေ ၁၃ ရက်၌ ပြောကြားသည်။

ယခုပြပွဲသည်မလေးရှားနိုင်ငံ၏ ပထမဆုံးယဉ်ကျေးမှုပြပွဲတစ်ရပ်လည်းဖြစ်ပြီး ငါးရက်ကြာ ခင်းကျင်းပြသမည် ဖြစ်သည်။

ပြပွဲကို လန်ဒန်မြို့ ကိုဗင်ဥယျာဉ်၌ကျင်းပမည်ဖြစ်ပြီး ယခုပြပွဲ အောင်မြင်ခဲ့ပါက အခြားနေရာ များတွင်လည်း ဆက်လက်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ ပြပွဲကာလအတွင်း လန်ဒန်မြို့သူမြို့သားများအတွက် မလေးရှားရိုးရာယဉ်ကျေးမှုအကများ၊ ဖက်ရှင် ရှိုးများ၊ ပန်းချီပြပွဲများနှင့် မလေးရှားနိုင်ငံထွက် လက်မှုပညာအရုပ်များကို ခင်းကျင်းပြသမည်ဖြစ်သည်။

မလေးရှားနိုင်ငံ ယဉ်ကျေးမှုပွဲတော်တွင် အဖွဲ့ဝင် ၁၀၅ ဦးလိုက်ပါမည်ဖြစ်သည်။ ၎င်းအဖွဲ့တွင် ယဉ်ကျေးမှုအဖွဲ့များ၊ သတင်းအဖွဲ့များ ပါဝင်မည်ဖြစ်ပြီး လက်မှုပညာလုပ်ငန်းထွက်ကုန် ပစ္စည်းများကို ပြသထားမည်။ **(အင်တာနက်)**

အပူလှိုင်းကြောင့် သေဆုံးသူဦးရေ ပါကစ္စတန်နိုင်ငံတွင် ၁၁၇ ဦးရှိ

အစ္စလမ္မာဘတ် မေ ၁၈

ပါကစ္စတန်နိုင်ငံ တောင်ပိုင်းပန်ချပ်ဒေသအတွင်းတွင် အပူလှိုင်းကြောင့် ၂၄ နာရီအတွင်း အမျိုးသမီးခုနစ်ဦးအပါအဝင် အနည်းဆုံး ၂၁ ဦးသေဆုံးပြီး လူ ၁၀၀ကျော်မှာ သတိမေ့မျောလျက်ရှိကြောင်း ဒေးလီးတိုင်းမ်သတင်းစာက အင်္ဂါနေ့တွင်ဖော်ပြသည်။

သေဆုံး

ပါကစ္စတန်နိုင်ငံအလယ်ပိုင်းပန်ချပ်ပြည်နယ်အတွင်း အပူလှိုင်းကြောင့် သေဆုံးသူ စုစုပေါင်း ၁၁၇ဦးရှိပြီဟုဆိုသည်။

သေဆုံးသူအများစုမှာ အမိုးအကာအပြင်ဘက်တွင်အလုပ်လုပ်ကိုင်သူများဖြစ်သည်ဆို၏။

နည်းပါး

အပူရှိန်ပြင်းထန်းလွန်းသည့်အတွက် မွန်းတည့် ၁၂ နာရီမှ ညနေ ၆ နာရီအထိ ဈေးများနှင့် လမ်းမကြီးများတွင် လူသူကင်းမဲ့လျက်ရှိပြီး၊ စာသင်ကျောင်းများတွင်လည်း ကျောင်းတက်သူနည်းပါးကြောင်းသိရသည်။

အမ်အင်အေ၊ ဆင်ဟွာ

တရုတ်ခရီးသည်တင်ဘတ်စ်ကား ဗန်ကောက်၌တိမ်းမှောက်

ဗန်ကောက် မေ ၁၈

ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှ ၁၇ ကီလိုမီတာအကွာရှိ လမ်းပေါ်တွင် မေ ၁၄ ရက်က မော်တော်ယာဉ်တိမ်းမှောက်မှုဖြစ်ပွားခဲ့သဖြင့် တရုတ်ခရီးသွားတစ်ဦးသေဆုံးခဲ့ပြီး ထိုင်းဧည့်လမ်းညွှန်တစ်ဦးနှင့် အခြားတရုတ်ခရီးသွားငါးဦးဒဏ်ရာရရှိခဲ့သည်။

တိမ်းမှောက်

ယင်းခရီးသွားဘတ်စ်ကားပေါ်တွင် တရုတ်ခရီးသွား ၂၀ နှင့် ထိုင်းဧည့်လမ်းညွှန်တစ်ဦးတို့ လိုက်ပါလာကြသည်။ ၎င်းမော်တော်ယာဉ်သည် ဗန်ကောက်မြို့မှ ပါတာရာကမ်းခြေအပန်းဖြေစခန်းသို့ မောင်းနှင်လာစဉ် တနင်္ဂနွေနေ့ မွန်းလွဲပိုင်းတွင် မိုးသက်မုန်တိုင်းများကျရောက်ခဲ့မှုကြောင့် ကားဘီးချော်၍ တိမ်းမှောက်ခဲ့ခြင်းဖြစ်သည်။

ဒဏ်ရာရ

ယင်းသို့ဖြစ်ပွားစဉ် တရုတ်နိုင်ငံ ဟေနန်ပြည်နယ်မှ ဂွာလိုင်းဆိုသူသည် ပွဲချင်းပြီးသေဆုံးခဲ့ပြီး အခြားလူခြောက်ဦးဒဏ်ရာရရှိခဲ့သည်။

အမ်အင်အေ၊ ဆင်ဟွာ

တည်ဆောက်

တရုတ်နိုင်ငံ ဟူဘေးပြည်နယ် ရီချန်းဒေသရှိ ယန်စီမြစ်ပေါ်တွင် တည်ဆောက်လျက်ရှိသောလျှိုမြောင်သုံးသွယ်ရေကာတာစီမံကိန်းတည်ဆောက်ရေးလုပ်ငန်းခွင်ကို မေ၁၇ရက်ကတွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

စစ်ဆေး

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် ဗုံးပေါက်ကွဲမှုကြောင့် ပျက်စီးသွားသော စားသောက်ဆိုင်ကို ရဲတပ်ဖွဲ့ဝင်တစ်ဦး မေ ၁၆ ရက်က စစ်ဆေးနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်ကလေးငယ်များ အာဟာရချို့တဲ့မှု အဆိုးရွားဆုံးအခြေအနေသို့ ရောက်ရှိနေ

ဘဂ္ဂဒက် မေ ၁၈

အီရတ်ကလေးငယ်များအတွင်းတွင် အာဟာရချို့တဲ့မှုသည် အဆိုးရွားဆုံးအခြေအနေသို့ ရောက်ရှိနေကြောင်း၊ အမေရိကန်ဦးဆောင်သော တပ်ဖွဲ့များ ဆက်ဒမ်ဟူစိန်ကို ဖြုတ်ချလိုက်ပြီးနောက် ပြည်သူများသည် သုံးနှစ်အတွင်း နိုင်နိုင်နင်းနင်း ကိုင်တွယ်ဖြေရှင်းနိုင်ရန် ကြိုးပမ်းလုပ်ဆောင်နေခဲ့ရကြောင်း အီရတ်အစိုးရ၏ လေ့လာဆန်းစစ်ချက်၏ ပြဆိုချက်အရ သိရသည်။

အသက်ခြောက်လနှင့် ငါးနှစ်ကြား ကလေးငယ် ၁၀ ဦးလျှင်တစ်ဦးနီးပါးသို့မဟုတ်၉ရာခိုင်နှုန်းသည် စိုးရိမ်ဖွယ်ကောင်းလောက်အောင် အာဟာရချို့တဲ့ခြင်း ဝေဒနာခံစားနေရကြောင်း အီရတ်အစားအစာ လုံခြုံရေးနှင့်အားနည်းချက်ဆိုင်ရာ အစီရင်ခံစာတွင် ဖော်ပြထားသည်။

ဖော်ပြ

ကလေးငယ်များ၏ စိုးရိမ်ဖွယ်ရာ အကောင်းဆုံးအခြေအနေကို ဖော်ပြရင်း ယင်းအစီရင်ခံစာတွင် ကလေးငယ်များသည် အစားအစာလုံခြုံမှုမရှိခြင်း၏ အဓိက သားကောင်များဖြစ်ခဲ့ရသည်ဟု ဖော်ပြထားသည်။

အီရတ်ပြည်သူ လေးသန်း၊ အီရတ်လူဦးရေ၏ ၁၅ ရာခိုင်နှုန်းသည် အစားအစာအပါအဝင် လူသားချင်းစာနာသော အထောက်အပံ့များကို သေရေးရှင်ရေးတမျှ လိုအပ်နေခဲ့သည်။ ၂၀၀၃ ခုနှစ် အစီရင်ခံစာတွင် ဖော်ပြထားသည့် ၁၁ ရာခိုင်နှုန်းမှ မြင့်တက်လာခြင်းဖြစ်သည်။

တွေ့ရှိ

အီရတ်အိမ်ထောင်စုဝင် ၂၀၀၀၀ ကျော်ကို လေ့လာဆန်းစစ်မှုမှ တွေ့ရှိရခြင်းဖြစ်သည်။

အမ်အင်အေ၊ ရိုက်တာ

အမေရိကန်လုပ်အက်ဖ်–၁၆ တိုက်လေယာဉ်များ အီရန်သို့ရောင်းချရန်ဗင်နီဇွဲလားစဉ်းစားနေ

ကာရာကာ့တ် မေ ၁၈

ဗင်နီဇွဲလားနိုင်ငံသို့ လက်နက်ရောင်းချမှုကို အမေရိကန်က ပိတ်ပင်သည့်အတွက် ဗင်နီဇွဲလားနိုင်ငံက လက်တုံ့ပြန်သည့်အနေဖြင့် အမေရိကန်ထံမှ ဝယ်ယူခဲ့သော အက်ဖ်–၁၆ တိုက်လေယာဉ်များကို တတိယနိုင်ငံတစ်နိုင်ငံဖြစ်သော အီရန်သို့ ရောင်းချရန် စဉ်းစားနေကြောင်း ထိပ်တန်းဗင်နီဇွဲလား စစ်ဘက်အရာရှိတစ်ဦးက အင်္ဂါနေ့တွင် ပြောကြားလိုက်သည်။

အမေရိကန်လုပ် အက်ဖ်–၁၆ တိုက်လေယာဉ်ကို တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ဖြစ်နိုင်ခြေ

အက်ဖ်–၁၆ တိုက်လေယာဉ် ၂၁ စင်းကို တတိယနိုင်ငံတစ်နိုင်ငံသို့ ရောင်းချရန် ဗင်နီဇွဲလားကာကွယ်ရေးဝန်ကြီးအော်လန်ဒိုအား သူကအကြံပြုထားကြောင်း၊ လေယာဉ်များရောင်းချရေးကို အီရန်နှင့်စေ့စပ်ဆွေးနွေးရန် ဖြစ်နိုင်ခြေရှိကြောင်းဖြင့် ဗင်နီဇွဲလားစစ်ဦးစီးချုပ်တစ်ဦးဖြစ်သူ ဗိုလ်ချုပ်ကြီး အယ်ဘတ်တိုမူလာက ပြောကြားသည်။

ထိုတိုက်လေယာဉ်များကို ၁၉၈၀ပြည့်လွန်နှစ်များက အမေရိကန်ထံမှ ဝယ်ယူခဲ့သည်။ တိုက်လေယာဉ်များအတွက် အဆိုပါပစ္စည်းများပေးမည်ဟု အမေရိကန်က ကတိပြုခဲ့ပြီး ဗင်နီဇွဲလားနိုင်ငံကလည်း ထိုလေယာဉ်များကို တတိယနိုင်ငံသို့ မရောင်းပါဟု အာမခံခဲ့သည်။

သို့သော် အက်ဖ်–၁၆ လေယာဉ် အရန်ပစ္စည်းများပေးရန် ပျက်ကွက်ခြင်းဖြင့် အမေရိကန်သည် နှစ်နိုင်ငံသဘောတူညီမှုကို ချိုးဖောက်ကြောင်း ဗင်နီဇွဲလားသမ္မတ ချာဗက်ဇ်က လွန်ခဲ့သည့် နိုဝင်ဘာလက ပြောကြားထားသည်။

အက်ဖ်–၁၆ တိုက်လေယာဉ်များကို ရုရှားလုပ်အက်ဖ်ယူ–၃၅ လေယာဉ်များဖြင့် အစားထိုးရေး စတင်ဆွေးနွေးနေပြီဟုလည်း ဗိုလ်ချုပ်ကြီးမူလာက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

အေအိုင်ဒီအက်စ်တိုက်ဖျက်ရေး အထူးကိုယ်စားလှယ်

ရုပ်ရှင်မင်းသမီး နာအိုမီဝပ်စ်

ကုလသမဂ္ဂ မေ ၁၈

ကင်းကောင်ဇာတ်ကားတွင် သရုပ်ဆောင်ခဲ့သော အသက်(၃၇)နှစ်ရှိ ရုပ်ရှင်မင်းသမီး နာအိုမီဝပ်စ်အား ကုလသမဂ္ဂ အေအိုင်ဒီအက်စ် တိုက်ဖျက်ရေးအဖွဲ့ (ယူအင်အေအိုင်ဒီအက်စ်)တွင် အထူးကိုယ်စားလှယ်အဖြစ် ခန့်အပ်ခဲ့သည်။

ပြောကြား

ဝပ်စ်သည် ဗြိတိန်တွင်မွေးဖွားခဲ့ပြီး ဩစတြေးလျတွင် ကြီးပြင်းလာသူဖြစ်သည်။ ဇမ်ဘီယာနိုင်ငံတွင် လူငါးဦးလျှင် တစ်ဦးသည် ယင်းရောဂါဖြင့် ဆေးဝါးကုသမှုခံနေရသည်။ ၎င်းသည် ဇမ်ဘီယာနိုင်ငံသို့ ငါးရက်ကြာ ခရီးသွားရောက်ရာမှ ပြန်လည်ရောက်ရှိလာခဲ့ပြီးနောက် လူတွေကို သေဆုံးစေသော ယင်းရောဂါဆိုးကြီးဖြစ်ပွားနေခြင်းကို ဘေးမှနေ၍ စောင့်ကြည့်နေ၍ မဖြစ်နိုင်တော့ကြောင်း ကုလသမဂ္ဂဌာနချုပ်တွင် ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် သူမက ပြောကြားသည်။

ရုပ်ရှင်မင်းသမီး နာအိုမီဝပ်စ်ကို တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ကူးစက်

ကမ္ဘာ့အနှံ့တွင် အေအိုင်ဒီအက်စ်ရောဂါဖြစ်ပွားစေသည့် အိပ်ချ်အိုင်ဗွီရောဂါ ကူးစက်နေသူ သန်း၄၀ခန့်ရှိပြီး ယင်းရောဂါဖြင့် သေဆုံးရသူ ၂၅သန်းခန့် ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ



နွားနို့ လီတာ၁၀၀၀ဆံ့သော ခွက်ကြီး

နွားနို့လီတာ ၁၀၀၀ဆံ့သော ခွက်ကြီးတစ်ခုကို တွေ့ရစဉ်။ (အပေါ်ပုံ)

နယူးယောက်မြို့တွင် ပြသထားသော ခွက်ကြီးတစ်ခုမှာ ကော်ဖီ၊ လက်ဖက်ရည်၊ နွားနို့ စုစုပေါင်း လီတာ၁၀၀၀ထည့်ဝင်နိုင်အောင် ပြုလုပ်ထားခြင်းကြောင့် အကြီးမားဆုံး ခွက်ကြီးအဖြစ် မှတ်တမ်းတင်ခြင်းခံရမည်ဖြစ်သည်။

(အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ပန်းနာရင်ကျပ်ရောဂါ သက်သာပျောက်ကင်းရန် ဆေးညွှန်းများအတိုင်း မှန်မှန်သောက်သုံးသင့်

ဝါရှင်တန် မေ ၁၈

ပန်းနာရင်ကျပ်ရောဂါသည် အဆုတ်ရောဂါတစ်မျိုးဖြစ်သည်။ ယင်းရောဂါဖြစ်ပွားသူသည် ချွဲသလိပ်များဖြစ်ပေါ်ခြင်း၊ နာစေးချောင်း ဆိုးခြင်း၊ ရင်ဘတ်တင်းကျပ်ခြင်းနှင့် အသက်ရှူခြင်း အခက်အခဲများကို ဖြစ်စေသည်။ သောက်ဆေးများ၊ ရှူဆေးများအပါဝင် ပန်းနာရင်ကျပ် ဆေးဝါးများသည် ရောဂါသက်သာ စေရန်လျင်မြန်စွာ ထိရောက်မှုမျိုးကို ဖြစ်စေနိုင်သည်။

သောက်သုံး

ပန်းနာရင်ကျပ်ရောဂါ ဖိစီးမှုမှ ရှောင်ကြဉ်ရန်အတွက် အထိရောက်ဆုံးနည်းလမ်းများထဲမှ နည်းလမ်းတစ်ခုမှာ ပန်းနာရင်ကျပ်ဆေးဝါးများကို ဆေးအညွှန်းများအတိုင်း မှန်မှန် သောက်သုံးရန်ဖြစ်သည်။

ရှောင်ကြဉ်

သင်၏ ရင်ကျပ်ရောဂါကို ဖြစ်စေသောဓာတ်မတည့်မှုမျိုးဖြစ်လျှင် နှာချေခြင်း၊ ချွဲသလိပ်ထခြင်းကို ဖြစ်ပေါ်စေသည့် အရာများကိုအတတ်နိုင်ဆုံးရှောင်ကြဉ်ရမည် ဖြစ်သည်။

ဖော်ပြ

ပန်းနာရင်ကျပ်ရောဂါကို ဖြစ်စေသောအချို့အရာများမှ ဆေးလိပ်ငွေ့ကို ရှူမိခြင်း၊ ဖုန်မှုန့်များကိုရှူမိရှိုက်မိခြင်း၊ လေထုညစ်ညမ်းခြင်း၊ ပိုးဟပ်များ၊ အိမ်မွေးတိရစ္ဆာန်များ၊ မှိုစော်နံသော အရာများမှ အနံ့အသက်များ၊ ပင်ပန်းသောလေ့ကျင့်ခန်းများ၊ အအေးလွန်ကဲခြင်း၊ အပူလွန်ကဲခြင်း သို့မဟုတ် စိုထိုင်းသောရာသီဥတုကြောင့် ဖြစ်တတ်ကြောင်း အမေရိကန်နိုင်ငံ ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာန၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

(အင်တာနက်)

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

မီးချောင်းဖြင့် ဘောလုံးလှည့်ကစား

ဘတ်စကက်ဘောလုံးကို မီးချောင်းထိပ်ပေါ်တွင် တင်၍လှည့်ပြစဉ်။ (အောက်ပုံ)

တရုတ်နိုင်ငံ ကျန်စုပြည်နယ် နန်ကျင်းမြို့ရှိ ဥယျာဉ်တစ်ခုတွင် ကျောဂန်အမည်ရှိ အမျိုးသားတစ်ဦးသည် ဘတ်စကက်ဘောလုံးကို မီးချောင်းထိပ်ပေါ်တင်၍ ၃နာရီ ၅၉မိနစ်ခန့်အချိန်ထိ လှည့်ပြ၍ ဂင်းနက်စ်စံချိန်တင်နိုင်ခဲ့သည်။

(အင်တာနက်)

(၆)ကြိမ်မြောက် အာဆီယံကျွမ်းကျင်မှုပြိုင်ပွဲများယှဉ်ပြိုင်ရန် အရည်အချင်းစစ် ရွေးချယ်စစ်ဆေးမှုများပြုလုပ်

သတင်း မြင်ကွင်း – မြင့်စိုး၊ ဓာတ်ပုံမှတ်တမ်း – တင်စိုး (မြန်မာ့အလင်း)

(၆)ကြိမ်မြောက် အမျိုးသားအဆင့် အာဆီယံကျွမ်းကျင်မှုပြိုင်ပွဲအတွက် သတင်းအချက်အလက်နည်းပညာ ကွန်ပျူတာပုံဆွဲနှင့် ဒီဇိုင်းပညာ အကြိုပြိုင်ပွဲသို့ ကျောင်းသား ကျောင်းသူများ ဤသို့ပါဝင်ယှဉ်ပြိုင်ကြသည်။
ဓာတ်ပုံမှတ်တမ်း–တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် မေ ၁၈

အာဆီယံ ကျွမ်းကျင်မှုပြိုင်ပွဲများကို အာဆီယံအဖွဲ့ဝင်နိုင်ငံများ၌ အလှည့်ကျ နှစ်နှစ်တစ်ကြိမ်ပြိုင်ပွဲများ ကျင်းပလျက်ရှိကြောင်း သိရသည်။

အဆိုပါ အာဆီယံကျွမ်းကျင်မှု ပြိုင်ပွဲများတွင် ကွန်ပျူတာပုံဆွဲနှင့် ဒီဇိုင်းပညာ၊ ပြန်ကြားရေးနှင့် ဆက်သွယ်ရေး (အိုင်တီ)၊ ဂဟေဆက်၊ ကြွေပြားကပ်၊ ပိုက်ဆက်၊ အီလက်ထရွန်နစ်၊ လျှပ်စစ်ကြိုးသွယ်၊ ပရိဘောဂလက်သမား၊ အုတ်စီ၊ အဆောက်အအုံလက်သမား၊ အမျိုးသမီးဝတ်စုံချုပ်၊ မော်တော်ယာဉ်နည်းပညာ၊ အချက်အပြုတ်နှင့် စားသောက်ဆိုင်ဝန်ဆောင်မှု ကျွမ်းကျင်မှုပြိုင်ပွဲများပါဝင်ကြောင်း သိရသည်။

ကျင်းပခဲ့

ယခု ဘရူနိုင်းနိုင်ငံ၌ကျင်းပမည့် အာဆီယံကျွမ်းကျင်မှု ပြပွဲသည် (၆) ကြိမ်မြောက်ပြိုင်ပွဲဖြစ်သည်။ (၅) ကြိမ်မြောက် ကျွမ်းကျင်မှုပြိုင်ပွဲကို ၂၀၀၄ ခုနှစ်က ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌ ကျင်းပခဲ့ကြောင်း သိရသည်။ မြန်မာနိုင်ငံ အနေဖြင့် ထို ၂၀၀၄ ခုနှစ်က လေ့လာသူအဖြစ် တက်ရောက်ခဲ့ပြီး ယခုနှစ်တွင် ပထမဆုံးအကြိမ် အဆိုပါ ကျွမ်းကျင်မှု ပြိုင်ပွဲကိုပါဝင် ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

အရည်အချင်းစစ်

အထက်ပါ ကျွမ်းကျင်မှုပညာရပ်များတွင် ပါဝင်ယှဉ်ပြိုင်နိုင်ရန်အတွက် ကျွမ်းကျင်မှုပြိုင်ပွဲအကြိုအရည်အချင်းစစ်ရွေးချယ်ပွဲများလည်း ပြုလုပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ကျွမ်းကျင်မှုအကြိုအရည်အချင်းစစ်ရွေးချယ်ပွဲ ပြုလုပ်ရာ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်သို့ မြန်မာ့အလင်း သတင်းအဖွဲ့က သွားရောက်ကာ သတင်းမြင်ကွင်းကို ရေးသားခဲ့သည်။

တစ်ပြိုင်တည်း

၂၀၀၆ ခုနှစ် စက်တင်ဘာ ၃ ရက်မှ ၁၂ ရက်အထိ ဘရူနိုင်းနိုင်ငံ ဒါရုဆလမ်မြို့တွင် ကျင်းပမည့် (၆) ကြိမ်မြောက် အာဆီယံ ကျွမ်းကျင်မှုပြိုင်ပွဲ (Asean Skill Competition)တွင် မြန်မာနိုင်ငံ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ သတင်းအချက်အလက်နည်းပညာ (Information Technology) နှင့် ကွန်ပျူတာပုံဆွဲ ဒီဇိုင်းပညာ (Computer Aided Drawing and Design) အတတ်ပညာရပ်တို့တွင် ပါဝင် ယှဉ်ပြိုင်ရန်အတွက် အမျိုးသားအဆင့် နည်းပညာကျွမ်းကျင်မှုပြိုင်ပွဲ အကြို အရည်အချင်းစစ်ရွေးချယ်ပွဲကို မေ ၁၇ရက်နှင့် ၁၈ရက်တို့တွင် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်(လှိုင်နယ်မြေ)နှင့် မန္တလေး အစိုးရကွန်ပျူတာကောလိပ်တို့၌ တစ်ပြိုင်တည်း ကျင်းပကြောင်း သိရသည်။

ယှဉ်ပြိုင်ဖြေဆို

အဆိုပါကျွမ်းကျင်မှု ပြိုင်ပွဲတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ ကွန်ပျူတာတက္ကသိုလ်များ၊ နည်းပညာတက္ကသိုလ်များ၊ အစိုးရကွန်ပျူတာကောလိပ်များနှင့် အစိုးရနည်းပညာကောလိပ်များမှ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၇၃ဦးပါဝင် ယှဉ်ပြိုင်ဖြေဆိုကြကြောင်း သိရသည်။

၎င်းကျွမ်းကျင်မှုပြိုင်ပွဲများတွင် သတင်းအချက်အလက် နည်းပညာ (အိုင်တီ)ဖြေဆိုသူ ၃၄ဦးရှိပြီး ကွန်ပျူတာပုံဆွဲနှင့် ဒီဇိုင်းပညာ ဖြေဆိုသူ ၃၉ဦး စုစုပေါင်း ၇၃ဦးရှိကြောင်း သိရသည်။

လေ့လာသင်ကြားမည်

အဆိုပါ အတတ်ပညာရပ်များမှ ဘာသာရပ်တစ်ခုလျှင် အတော်ဆုံးသူ နှစ်ဦးကျစီကို စိစစ်ရွေးချယ်၍ ပြိုင်ပွဲမသွားမီလေ့ကျင့်သင်ကြားမှုများပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပါဝင်ယှဉ်ပြိုင်

အာဆီယံအဖွဲ့ဝင် ၁၀နိုင်ငံဖြစ်သော မြန်မာ၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ လာအို၊ ထိုင်း၊ ဘရူနိုင်း၊ စင်ကာပူ၊ မလေးရှား၊ အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်တို့မှ အရည်အချင်းစစ်အောင်မြင်သော ကျောင်းသား ကျောင်းသူများသည် စက်တင်ဘာလတွင် ဘရူနိုင်းနိုင်ငံ၌ ကျင်းပမည့် အာဆီယံ ကျွမ်းကျင်မှုပြိုင်ပွဲ အသီးသီးတွင် ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။ ။ **(မြန်မာ့အလင်း)**

၂၀၀၆ခုနှစ် စက်တင်ဘာ ၃ ရက်မှ ၁၂ရက်အထိ ဘရူနိုင်းနိုင်ငံ ဒါရုဆလမ်မြို့တွင်ကျင်းပမည့် (၆)ကြိမ်မြောက် အာဆီယံ ကျွမ်းကျင်မှုပြိုင်ပွဲ (Asean Skill Competition)တွင် မြန်မာနိုင်ငံသိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ သတင်းအချက်အလက် နည်းပညာ၊ ကွန်ပျူတာပုံဆွဲနှင့် ဒီဇိုင်းပညာရပ်တို့တွင် ပါဝင်ယှဉ်ပြိုင်ရန်အတွက် အမျိုးသားအဆင့် နည်းပညာကျွမ်းကျင်မှုပြိုင်ပွဲအကြို အရည်အချင်းစစ်ရွေးချယ်ပွဲကို ရန်ကုန် ကွန်ပျူတာတက္ကသိုလ်(လှိုင်နယ်မြေ) ၌ ကျင်းပရာ သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာနအောက်ရှိ ကျောင်းသား ကျောင်းသူများ ပါဝင်ယှဉ်ပြိုင် ဖြေဆိုကြစဉ်။
ဓာတ်ပုံမှတ်တမ်း–တင်စိုး(မြန်မာ့အလင်း)

မင်္ဂလာဈေးခမ္မာရုံ သီတဂူရေအလှူတရားပွဲ

ရန်ကုန် မေ ၁၈

သီတဂူဆရာတော် အရှင်ဉာဏိဿရ(D.Litt)(Ph.D)အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အရှင်သူမြတ်၏ ရေအလှူတော်တရားပွဲကို မေ ၂၄ ရက် (ဗုဒ္ဓဟူးနေ့)ည ၇ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်း ရွှေတိဂုံဘုရားအရှေ့ဘက်မုခ် မင်္ဂလာဈေးခမ္မာရုံတွင် ကျင်းပမည်။

(က–ပ)

ချန်ချူမုန်တိုင်း တရုတ်တောင်ပိုင်းသို့ ဝင်ရောက်တိုက်ခတ်

တရုတ်နိုင်ငံတောင်ပိုင်း ဂွမ်ဒေါင်းပြည်နယ် ရှန်ကျင်းမြို့၌ ချန်ချူတိုင်ဖုန်းမုန်တိုင်း ဝင်ရောက်မှုကြောင့် ဒီလှိုင်းကြီးများ ကြောက်မက်ဖွယ်ဝင်ရောက်လာသည်ကို မေ ၁၇ ရက်က တွေ့ရခြင်းဖြစ်သည်။ **(အပေါ်ပုံ)**

ယင်းမုန်တိုင်းသည် တရုတ်နိုင်ငံတောင်ပိုင်းသို့ ဝင်ရောက်ပြီးနောက် မေ ၁၈ ရက်က ကလေးနှစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။ အဆိုပါဒေသမှ ပြည်သူ ၆၃၀၀၀၀ တို့သည် ဘေးကင်းရာသို့ရွှေ့ပြောင်းရန် ကြိုးစားနေကြောင်း ဆင်ဟွာသတင်းဌာနက ပြောကြားသည်။

အဆိုပါ ချန်ချူမုန်တိုင်းသည် တစ်နာရီလျှင် ၁၀၆ မိုင်နှုန်းဖြင့် တောင်တရုတ်ပင်လယ်ထဲသို့ ဝင်ရောက်ခဲ့ရာ မိုးသက်လေပြင်းများကျရောက်ကာ ရေကြီးမှုများဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

၎င်းပင်လယ်အတွင်း ဗီယက်နမ်ရေလုပ်သား ၉၉ ဦးပျောက်ဆုံးနေပြီး ကယ်ဆယ်ရေးအဖွဲ့က လိုက်လံရှာဖွေနေကြောင်း သိရသည်။ ယင်းမုန်တိုင်းသည် အရှေ့မြောက်သို့ ဦးတည်တိုက်ခတ်နေကြောင်း တရုတ်နေ့စဉ်သတင်းစာက ဖော်ပြသည်။ **(ချိုင်းနားဒေးလီး)**

အင်တာနက် သတင်းနှင့် ဓာတ်ပုံများ

အိုရစ်ကာနီ လေယာဉ်တင်သင်္ဘော နစ်မြုပ်

ဖလော်ရီဒါပြည်နယ် ပင်ဆာကိုလာကမ်းခြေမှ ၂၄မိုင်အကွာ အိုရစ်ကာနီ လေယာဉ်တင်သင်္ဘောကြီး မေ ၁၇ ရက်က နစ်မြုပ်သွားစဉ်။ ယင်းလေယာဉ်တင်သင်္ဘောကြီးသည် ပေပေါင်း ၈၈၈ ပေရှည်လျားပြီး တောင်ကိုရီးယား၊ ဗီယက်နမ်နှင့် မြေထဲပင်လယ်တို့တွင် ၂၅နှစ်သာ ရေကြောင်းတာဝန်ထမ်းဆောင်ခဲ့ကြောင်း သိရသည်။

(ကိုးကား–အင်တာနက်)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ပုဂံဘူတာသို့ စတင်ထွက်ခွာမည့် အမှတ်(၁၀၇)အဆန် နေပြည်တော်–ပုဂံအမြန်ရထား (RBE) စက်ခေါင်းကို အမွှေးနံ့သာများဖြင့် ပက်ဖျန်းပေးစဉ်။ (သတင်းစဉ်)

■ *ကျောဖုံးမှ*

ထို့နောက်ဝန်ကြီးသည်ပျဉ်းမနားဘူတာအမှတ်(၁) စင်္ကြံမှ ပုဂံဘူတာသို့ စတင်ထွက်ခွာမည့် အမှတ်(၁၀၇) အဆန် နေပြည်တော်–ပုဂံအမြန်ရထား RBE စက်ခေါင်းကို အမွှေးနံ့သာများ ဖြင့်ပက်ဖျန်းပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးများ ဖြစ်ကြသော သူရဦးသောင်းလွင်နှင့် ဦးဖေသန်းတို့က ရထားစက်ခေါင်းကို အမွှေးနံ့သာများဖြင့် ပက်ဖျန်းပေးကြသည်။ ယင်းနောက် ဝန်ကြီးဗိုလ်ချုပ်အောင်မင်းနှင့် ဒုတိယဝန်ကြီးများသည် အမှတ်(၁၀၇)အဆန် နေပြည်တော်–ပုဂံအမြန်ရထားဖြင့် လိုက်ပါစီးနင်းကြသည့် ခရီးသွားရဟန်းရှင်လူပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ နှုတ်ဆက်အားပေးကြပြီး အမြန်ရထား စတင်ပြေးဆွဲသည့် အထိမ်းအမှတ် လက်ဆောင်ပစ္စည်းများကိုပေးအပ်ကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ ဒုတိယဝန်ကြီးများ၊ ဧည့်သည်များနှင့် ဝန်ထမ်းများသည် နံနက် ၇ နာရီ ၁၅ မိနစ်တွင် ပျဉ်းမနား ဘူတာမှ စတင်ထွက်ခွာသွားသည့် နေပြည်တော်–ပုဂံအမြန်ရထားမှ ခရီးသွား ရဟန်းရှင်လူ ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ပျဉ်းမနား ဘူတာဝင်းအတွင်း သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို လည်းကောင်း၊ ခရီးသွားပြည်သူများ စိတ်ချမ်းမြေ့စွာ အနားယူအပန်းဖြေနိုင်ရေးအတွက် ဖျော်ဖြေရေးအစီအစဉ်ဆောင်ရွက်ထား ရှိမှုအခြေအနေများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ဝန်ကြီးဗိုလ်ချုပ် အောင်မင်းသည် အမှတ်(၁) စင်္ကြံ၌ ဆိုက်ရပ်ထားသည့် အမှတ်(၁၀၁) အဆန် နေပြည်တော်–ကျောက်ပန်းတောင်းအမြန်ရထားကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းပြောကြား

ယင်းနောက် ဝန်ကြီးသည် ခရီးသွား ပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံ၍ မြန်မာ့မီးရထား၏ ခရီးသွားလာမှု လွယ်ကူလျင်မြန် အဆင်ပြေချောမွေ့ စေရေးစီစဉ်ဆောင်ရွက်ထားရှိမှု အစီအစဉ်များကို ရင်းနှီးပွင့်လင်းစွာ ရှင်းလင်းပြောကြား နှုတ်ဆက်သည်။

ယနေ့ စတင်ပြေးဆွဲသည့် အမှတ်(၁၀၇)အဆန် နေပြည်တော်–ပုဂံ အမြန်ရထားသည် နေပြည်တော်မြို့ ပျဉ်းမနားဘူတာမှ နံနက် ၇ နာရီ ၁၅ မိနစ်တွင် ထွက်ခွာ၍ ပုဂံ–ညောင်ဦးမြို့ ပုဂံဘူတာသို့ ညနေ ၆ နာရီတွင် ဆိုက်ရောက်မည်ဖြစ်ပြီး အမှတ်(၁၀၈) အစုန် ပုဂံ–နေပြည်တော် အမြန်ရထားသည် ပုဂံ–ညောင်ဦးမြို့ ပုဂံဘူတာမှ နံနက် ၉ နာရီ ၁၅ မိနစ်တွင် ထွက်ခွာ၍ နေပြည်တော်မြို့ ပျဉ်းမနားဘူတာသို့ ည ၇ နာရီခွဲတွင် ဆိုက်ရောက်မည်ဖြစ်သည်။

နေ့စဉ်အချိန်မှန်

အဆိုပါ နေပြည်တော်–ပုဂံ–နေပြည်တော် အမြန်ရထားကို နေ့စဉ် အချိန်မှန် ပြေးဆွဲပေးမည်ဖြစ်သည်။ ခရီးစဉ်ဘူတာများအဖြစ် လယ်ဝေး၊ သစ်ပုတ်ပင်၊ မင်းပြင်၊ ဆတ်သွား၊ တောင်တွင်းကြီး၊ မြို့သစ်၊ နတ်မောက်၊ သာမြား၊ ကျောက်ပန်းတောင်း၊ ကန်သာယာ၊ ငါ့မင်းမေး၊ စုတည်နှင့် တောင်စင်းဘူတာတို့၌ ရပ်တန့်ပေးမည်ဖြစ်သည်။

ရထားလက်မှတ်များကို တစ်ရက်ကြိုတင်၍ နေ့စဉ် နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ လည်းကောင်း၊ လက်ကျန်လက်မှတ်များကို ရထား မထွက်ခွာမီ နံနက် ၅ နာရီမှ ၇ နာရီ အထိလည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။ လက်မှတ်ခနှုန်းထားမှာ နေပြည်တော်–ပုဂံခရီးစဉ်အတွက် ငွေကျပ် ၆၈၀ ဖြစ်သည်။

အထူးအစီအစဉ်

အထူးအစီအစဉ်အဖြစ် ရန်ကုန်မှ ပုဂံသို့ တောက်လျှောက်သွားလိုသူ အမှတ်(၁၀၇)အဆန် နေပြည်တော်–ပုဂံအမြန်ရထားဖြင့်လည်းကောင်း၊ ပုဂံမှ ရန်ကုန်သို့ တောက်လျှောက်သွားလိုသူ ခရီးသည်များအတွက် ပုဂံမှ နေပြည်တော်မြို့ ပျဉ်းမနား ဘူတာသို့ အမှတ်(၁၀၈)အစုန် ပုဂံ–နေပြည်တော်အမြန် ရထားဖြင့်လည်းကောင်း၊ ပျဉ်းမနား ဘူတာမှ ရန်ကုန်သို့ အမှတ်(၈)အစုန် သာစည်–ရန်ကုန် ရထားဖြင့်လည်းကောင်း ချိတ်ဆက် စီးနင်းနိုင်ရန် စီစဉ်ထားပြီး ရန်ကုန်နှင့် ပုဂံဘူတာများ၌ ရန်ကုန်–ပုဂံ၊ ပုဂံ–ရန်ကုန် တောက်လျှောက် လက်မှတ်များကို ရောင်းချပေးမည်ဖြစ်သည်။

အလားတူ အမှတ်(၁၀၁) အဆန် နေပြည်တော်–ကျောက်ပန်းတောင်း အမြန်ရထားနှင့် အမှတ်(၁၀၂) အစုန် ကျောက်ပန်းတောင်း–နေပြည်တော် စာပို့ရထားတွဲများကို ယခင်က တွဲဆိုင်းတစ်ဆိုင်းဖြင့်သာ ပြေးဆွဲလျက်ရှိရာမှ ဒေသခံပြည်သူများ၏ ခရီးသွားလာမှု ပိုမိုလွယ်ကူချောမွေ့စေရေးအတွက် မြန်မာ့မီးရထားက ယနေ့မှစတင်၍ တွဲဆိုင်းနှစ်ဆိုင်းဖြင့် နေ့စဉ် အချိန်မှန် အစုန်/အဆန် ပြေးဆွဲပေးသွားမည်ဖြစ်သည်။

စီစဉ်ဆောင်ရွက်

ထို့အပြင် ရိုးမအနောက်ခြမ်း ဒေသရှိ ဒေသခံပြည်သူများနှင့် နေပြည်တော်မြို့၌ တာဝန်ထမ်းဆောင်လျက်ရှိကြသော နိုင်ငံ့ဝန်ထမ်းများ သွားလာမှု လွယ်ကူအဆင်ပြေ ချောမွေ့စေရေးအတွက် မေ ၂၅ ရက်မှ စတင်၍ မြန်မာ့မီးရထားက နေပြည်တော်–ပြည်–နေပြည်တော် အမြန်ရထားများကို စီစဉ်ဆောင်ရွက်ပြေးဆွဲပေးသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် အဖွဲ့ဝင်များ အမှတ်(၁၀၇)အဆန် နေပြည်တော်–ပုဂံ အမြန်ရထားဖြင့် လိုက်ပါသွားသည့် ခရီးသွား ရဟန်းရှင်လူပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ခရီးသည်များအတွက် ရန်ကုန်မှ နေပြည်တော်မြို့ ပျဉ်းမနားဘူတာသို့ အမှတ်(၇) အဆန် ရန်ကုန်–သာစည် ရထားဖြင့်လည်းကောင်း၊ နေပြည်တော်မြို့ ပျဉ်းမနားဘူတာမှ ပုဂံသို့

မြန်မာ့ရုပ်မြင်သံကြား

၁၉–၅–၂၀၀၆ (သောကြာနေ့)
(၁၃၆၈ခုနှစ်၊ ကဆုန်လပြည့်ကျော် ၈ရက်၊ ဥပုသ်နေ့)

နံနက်ပိုင်း

၇:၀၀	၁။	ကျေးဇူးရှင်မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇:၅၀	၅။	လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
၈:၀၅	၆။	အကပြိုင်ပွဲ
၈:၁၀	၇။	ကြေးမုံရိပ်သွင်တေးနုယဉ်
၈:၂၀	၈။	ရေလှောင်တမံရဲနွယ်
၈:၃၀	၉။	International News
၈:၄၅	၁၀။	English for Everyday Use

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	တေးဂီတအစီအစဉ်
၁၆:၄၅	၄။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (ရက္ခဗေဒအထူးပြု) (ရက္ခဗေဒ)
၁၆:၅၅	၅။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇:၁၀	၆။	**"ဆေးလိပ်ကင်းကွာ အနပညာကမ္ဘာ"** လွင်မိုး၊ မင်းမော်ကွန်း၊ ဇာနည်၊ ကင်းကောင်၊ စိုးမြတ်နန္ဒာ၊ ကြည်လဲ့လဲ့ဦး၊ ဂွမ်းပုံ)
၁၇:၂၀	၇။	မြန်မာစာ မြန်မာစကား
၁၇:၃၀	၈။	**"ဟွန်းသံ"** ဇော်နှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ (ဒါရိုက်တာ–သက်တင်)
၁၇:၃၅	၉။	နှောင်းခေတ်တေးပဒေသာ
၁၇:၄၅	၁၀။	တံတားအလှပန်းလောင်
၁၇:၅၀	၁၁။	နေဝင်ဘဝအလှဝေစီ မေတ္တာဝတီ
၁၈:၀၀	၁၂။	ညနေခင်းသတင်း
၁၈:၃၀	၁၃။	မိုးလေဝသအခြေအနေ
၁၈:၃၅	၁၄။	သုတစုံလင်ရွှေဉာဏ်ရှင်
၁၉:၀၀	၁၅။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ဖန်ပန်းလှလှ"** (အပိုင်း–၁၀)
၂၀:၀၀	၁၆။	ပြည်တွင်းသတင်း
	၁၇။	နိုင်ငံတကာသတင်းများ
	၁၈။	မိုးလေဝသအခြေအနေ
	၁၉။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ရှေ့နေ"** (အပိုင်း–၇)
	၂၀။	မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာ ပွားများခြင်း တရားတော်

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ နယ်လှည့်စာကြည့်တိုက် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲဖွင့်ပွဲကို မေ ၁၇ ရက်က အမှတ်(၃၂)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးရှေ့တွင်ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လှလှဌေးနှင့် ရပ်ကွက်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိုးဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်ပြန်/ဆက်)

သီတဂူဆရာတော်တရားပွဲ

ရန်ကုန် မေ ၁၈

ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ် ဥက္ကလာပစေတီတော် မဟာမုနိဓမ္မာရုံကြီးတွင် မေ ၂၁ ရက်(တနင်္ဂနွေနေ့) ည ၇ နာရီမှစ၍ စစ်ကိုင်းတောင်ရိုး သီတဂူကမ္ဘာ့ ဗုဒ္ဓတက္ကသိုလ်အဓိပတိမဟာဓမ္မကထိက ဗဟုဇန ဟိတဓရ သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ (D.Litt) Ph.D က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဟု သိရသည်။ **(၂၀၀)**

မြောက်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက်အတွက် မီးသတ်စက်ပေးအပ်လှူဒါန်းပွဲနှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲကို မေ ၁၃ ရက်က ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်ဝင်းက အလှူရှင်မိသားစုအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။ (က–ပ)

ကိုယ်တွေ့မျက်မြင် လေ့လာရေးခရီးစဉ်(၂)

စာဖတ်သူတစ်ဦး

သပြေညွှန့်မှ စာရေးသူတို့ လေ့လာရေးအဖွဲ့ ဆက်လက်ထွက်ခွာလာချိန်တွင် နာရီကိုကြည့်လိုက်တော့ မွန်းတည့်ချိန်နီးနေပြီဖြစ်သည်။ လေ့လာရေးအဖွဲ့တွင် မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းမှ အသင်းဝင်သတင်းထောက် ၁၃ ဦးပါဝင်သည်။ လေးဦးမှာ အမျိုးသမီး သတင်းထောက်များဖြစ်သည်။ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့(ဗဟို)မှ အဖွဲ့ဝင်များလည်းပါသည်။ ပြည်တွင်းဂျာနယ်မဂ္ဂဇင်းများမှ အယ်ဒီတာချုပ်များ၊ သတင်းအယ်ဒီတာများ၊ သတင်းထောက် စုစုပေါင်း ၂၇ ဦးလိုက်ပါ လေ့လာကြသည်။

အားပေးစကားပြောကြား

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ကေအင်န်ယူ၏ မိုင်းထောင်ဖောက်ခွဲမှုကြောင့် မေ ၁၃ ရက်နံနက် ၉ နာရီတွင် မုန်းမြို့ တိုက်နယ်ဆေးရုံသို့ ဆေးကုသမှုခံယူရန် ရောက်ရှိလာသော လူနာတစ်ဦးအား တွေ့ဆုံ၍ ဤသို့ နှစ်သိမ့်အားပေးစကား ပြောကြားခဲ့သည်။

(ဓာတ်ပုံမှတ်တမ်း–သတင်းစဉ်)

ထို့အပြင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး Madame Phoebe A. Gomez ၊ ဂျာမနီနိုင်ငံ သံရုံးယာယီတာဝန်ခံ Mr. Dirk Augustin နှင့် အဖွဲ့ဝင်များ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများဖြစ်ကြသည့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) မှ လက်ထောက်ဌာနေကိုယ်စားလှယ် Si Canka Dhanapala နှင့် ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ (UNICEF)မှ စီမံကိန်းအရာရှိ Jean Benoit Manhez နှင့် အဖွဲ့ဝင်များလည်း လိုက်ပါလေ့လာခဲ့ကြသည်။ သတင်းနှင့်ပြန်ကြားရေးဆိုင်ရာအဖွဲ့တွင် မြန်မာ့ရုပ်မြင်သံကြားနှင့် မြဝတီရုပ်မြင်သံကြားတို့မှ အမျိုးသမီးဝန်ထမ်းများလည်း ပါဝင်သည်။

သပြေညွှန့်မှအထွက်တွင် အားလုံးကို အရိပ်အကဲကြည့်လိုက်သောအခါ စိုးရိမ်ကြောင့်ကြမှုကင်းစွာဖြင့် ပျော်ပျော်ရွှင်ရွှင်ရှိနေကြသည်။ ဖိလစ်ပိုင် သံအမတ်ကြီးဆိုလျှင် ယမန်နေ့ညက နေမကောင်းထိုင်မသာဖြစ်ခဲ့သည်ဟုသိရသော်လည်း ယနေ့ခရီးစဉ်တွင် ကြည်ကြည်လင်လင် ရွှင်ရွှင်ပျပျရှိနေသည်ကို တွေ့ရသည်။ သတင်းသမားများနှင့် အဖွဲ့ဝင်အားလုံး ဒေသခံတိုင်းရင်းသားပြည်သူများ၏ ဓာတ်ဌာနေနှင့် တစ်သွေးတည်းတစ်သားတည်းဖြစ်နေသည်ဟု ဆိုရပါမည်။

သပြေညွှန့်မှ မုန်းမြို့သို့ ကားလမ်းသည် ကျောက်ခင်းလမ်းဖြစ်သည်။ ခရီးသည်တင်ဟီးနိုးကားကြီးများဖြင့် ခရီးနှင်ရ၍ ဖြည်းဖြည်းမှန်မှန်သာ မောင်းနှင်ခဲ့သည်။ လမ်းတစ်လျှောက်တွင် ကျေးရွာကြီးများကို ဖြတ်သန်းခဲ့ရသည်။ စိုက်ပျိုးရေးအခြေခံနှင့် ရေခံမြေခံကောင်းသော လွင်ပြင်ဒေသဖြစ်၍ ကျေးရွာအားလုံး လူနေမှုအဆင့်အတန်းမြင့်မားနေသည်ကို မြင်တွေ့ရသည်။ တည်ငြိမ်အေးချမ်းမှုအပြည့်အဝရရှိပါက ဤကျေးရွာများသည် ယခုထက် အဆပေါင်းများစွာ ဖွံ့ဖြိုးတိုးတက်နိုင်ကြောင်း ခန့်မှန်း၍ရသည်။

ကားစီးရင်း သပြေညွှန့်ကျေးရွာမှ အခမ်းအနားကို ပြန်လည်ပုံဖော်နေမိသည်။ ဤခရီးစဉ်တစ်လျှောက်လုံး၌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းလည်း လိုက်ပါလာခဲ့သည်။ သပြေညွှန့်ကျေးရွာတွင် ပြန်ကြားရေးဝန်ကြီးက KNU တပ်မဟာ(၇)အတွင်း အချင်းချင်းအာဏာလု သတ်ဖြတ်ညှဉ်းဆဲမှုများ၊ KNU တို့၏ လူသတ်မီးရှို့၊ မိုင်းထောင်၊ ဖောက်ခွဲဖျက်ဆီးမှုများကြောင့် ဒေသခံပြည်သူအချို့ အတိဒုက္ခရောက်နေရပုံနောက်ခံဖြစ်ရပ်များကို ရှင်းပြခဲ့သည်။ သတင်းစာဆရာများ သိလိုသည့် မေးမြန်းချက်များကိုလည်း အကျယ်တဝင့် ရှင်းလင်းဖြေကြားခဲ့သည်။

စင်စစ် ဤနယ်မြေဒေသနှင့်ဆက်စပ်နေသည့် အရှေ့ရိုးမတောထဲတောင်ထဲတွင် KNU တပ်မဟာ(၇)က ယခင်ပဲခူးရိုးမ၌ ဗကပတို့ကျင့်သုံးခဲ့သည့် ဖြတ်ထုတ်သတ်လမ်းစဉ်အတိုင်း ထင်ရာစိုင်းနေကြခြင်းဖြစ်သည်။ ထိုအခါ ဖြစ်မြဲသဘာဝအတိုင်း ပတ်ဝန်းကျင်ရှိ ပြည်သူလူထုကိုပါ အကြမ်းဖက်အဖျက်လုပ်ရပ်များဖြင့် ဒုက္ခပေးတော့သည်။

ဤဒေသတွင် မှီတင်းနေထိုင်ကြသော ကရင်တိုင်းရင်းသားများတွင် ပကူး၊ ဘွဲ၊ ဂေဘားမျိုးနွယ်စုများရှိရာ လက်ရှိ KNU တပ်မဟာ(၂)မှူးအားစီက လူမျိုးခွဲခြားပြီး ပကူးတိုင်းရင်းသားများကိုသာ ဦးစားပေးခဲ့သည်။ ကွယ်လွန်သူ ယခင်တပ်မဟာ(၂)မှူး ဘောနီ၏ သားများကိုရန်ရှာသည်။ ၎င်း၏နောက်လိုက်များကို အပြစ်ရှာသည်။ ဆီဒေါခိုရွာမှရွာသားငါးဦးကို အကြောင်းမဲ့သတ်ဖြတ်ခဲ့သည်။ ထို့ကြောင့် ဘောနီ၏ဇနီး ဒေါ်နော်ပေးလ်ဒါ(၇၅နှစ်)က အားစီသည် ၎င်း၏လည်မျိုကိုတက်နင်းနေသည်ဟု ဖွင့်ဟပြောကြားခဲ့ကြောင်း သိရသည်။ အဆိုပါအမိုး၏ ဆိုလိုချက်မှာ KNU တပ်မဟာ(၇)အတွင်း ဓာတ်တူသားစားနေသည်ဟု ဆိုလိုဟန်ဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး Madame Phoebe A. Gomez က ကေအင်န်ယူ၏ မိုင်းထောင်ဖောက်ခွဲမှုကြောင့် ဆေးဝါးကုသမှုခံယူနေရသော မုန်းမြို့မှ စတုတ္ထတန်းကျောင်းသူ မဝါဝါစိုးအား ဤသို့ နှစ်သိမ့်အားပေးစကား ပြောကြားခဲ့သည်။

(ဓာတ်ပုံမှတ်တမ်း–သတင်းစဉ်)

ဤသို့ တောတွင်းလူသတ်ဝါဒဖြင့် အာဏာပြနေသော အားစီတို့လိုလူများသည် ငြိမ်းချမ်းရေးကို လိုလားသူများလည်း မဟုတ်ချေ။ ထိုလမ်း၊ ထိုစခန်းအတိုင်း ထင်ရာစိုင်းခဲ့သော ဗကပတို့လည်း ပဲခူးရိုးမ၌ ဘယ်သူမပြုမိမိမှုဖြင့် မိုက်ဇာတ်သိမ်းခဲ့ကြရသည်။ ယခုလည်း အားစီတို့က ထိုလမ်းဟောင်းကို ပြန်လိုက်နေကြပြန်သည်။ ထို့အတူ KNU တို့၏ ဒုက္ခသည်စခန်း၊ ဒုက္ခသည်ဗန်းပြမှုသည် ယခုမှပေါ်ပေါက်လာသောကိစ္စမဟုတ်ပေ။ ယခင်အစဉ်အဆက်၌ တပ်မတော်က KNU အခိုင်အမာစခန်းကြီးများကို တိုက်ခိုက်သိမ်းပိုက်စဉ်ကတည်းက လုပ်ကြံဖန်တီးထားသော ဇာတ်လမ်းဇာတ်ကွက်ဖြစ်သည်။ KNU တို့၏ အခိုင်အမာ စခန်းကြီးများတွင် ၎င်းတို့၏မိသားစုများ၊ အမာခံများကိုပါ နေထိုင်စေခဲ့သည်။ တပ်မတော်က ထိုစခန်းများကို တိုက်ခိုက်သိမ်းပိုက်သောအခါ ၎င်းတို့၏မိသားစုများ၊ အမာခံများကို တစ်ဖက်နိုင်ငံ နယ်စပ်သို့ရွှေ့ပြောင်းနေရာချထားပြီး ဒုက္ခသည်များဟု ဗန်းပြကာ ပြည်ပမှ ငွေကြေးထောက်ပံ့မှုရအောင် လုပ်ဆောင်သည်။ နိုင်ငံရေးအမြတ်ထုတ်သည်။ အဆိုပါဒုက္ခသည်စခန်း ဗန်းပြမှုသည် နယ်စပ်ဒေသတွင် သောင်တင်နေခဲ့ရာမှ ယခုတစ်ဖန် တစ်စခန်းထလာအောင် လုပ်ဆောင်နေခြင်းပင်ဖြစ်သည်။

စာရေးသူ တွေးမိသည်မှာ တပ်မတော်ကသာ KNU တို့ကို အမြစ်ဖြတ် ချေမှုန်းလိုပါက လွန်ခဲ့သော ၁၀ နှစ်ကျော်ကာလခန့်ကပင် လုပ်ဆောင်၍ရနိုင်ခဲ့သည်။ ငြိမ်းချမ်းရေးတံခါး ဖွင့်ထားစရာမလို။ ငြိမ်းချမ်းရေးစကား ပြောကြားရန်မရှိဟု သုံးသပ်မိသည်။ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ နိုင်ငံတော် အေးချမ်းတည်ငြိမ်ရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို လှိုက်လှိုက်လှဲလှဲလိုလား၍သာ နိုင်ငံတော်က KNU တို့အတွက် သားရွှေအိုးထမ်း အပြန်လမ်းကို ခင်းပေးနေခြင်းဖြစ်ပေသည်။ သို့ရာတွင် KNU တို့က တံလျှပ်ကိုရေထင်ပြီး ရန်သူကို မိတ်ဆွေဟု မှတ်မှားနေသည်။ ပြည်ပကို အားကိုးနေသည်။ နိုင်ငံရေးနှင့် လက်နက်ကိုင်လမ်းစဉ်၊ အကြမ်းဖက်လုပ်ရပ်များကို ယနေ့တိုင်ရောထွေးပြီး ကျင့်သုံးနေဆဲဖြစ်သည်။ ဥပဒေဘောင်အတွင်းရောက်ရှိပြီး ငြိမ်းချမ်းရေးပန်းတိုင်သို့ လျှောက်လှမ်းနေသော အခြားတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ သာဓကနှင့် ပသာဒကို အားကျအတုယူရကောင်းမှန်းမသိဘဲ ရှိနေဆဲဖြစ်သည်။ KNU တို့ နောက်ထပ်ဘာဆက်၍ လုပ်ကြဦးမည်နည်းဟု တွေးနေဆဲမှာပင် မုန်းမြို့သို့ ရောက်ရှိခဲ့သည်။

စာရေးသူအနေဖြင့် ပဲခူးတိုင်း ကျောက်ကြီးမြို့နယ်၌ မုန်းမြို့ဟူ၍ တည်ရှိနေမှန်း အစက မသိခဲ့ရိုးအမှန်ဖြစ်သည်။ မုန်းမြို့သည် အထက်တန်းကျောင်း၊ တိုက်နယ်ဆေးရုံ၊ စည်ပင်သာယာဈေး စသည်တို့ဖြင့် မြို့ပြအင်္ဂါရပ်နှင့်အညီ ဖွံ့ဖြိုးနေသော မြို့ကလေးတစ်မြို့ဖြစ်သည်။ ပုဂံခေတ် အလောင်းစည်သူမင်းလက်ထက် ယခု ယောချောင်းမှ ဖောင်ဖြင့်ဆန်တက်၍ မြတ်စောညီနောင်ဘုရားအား ဖူးမြော်ပြီး ရပ်နားစဉ် ယခုမုန်းချောင်းနှင့် သောက်ရေခပ်ချောင်းတို့၏ ရေကြည်လင်မှုကို နှိုင်းယှဉ်ကြည့်ရာ မုန်းချောင်းရေက တစ်မူးသာနေ၍ ထိုစဉ်က မူးသာချောင်းဟုခေါ်ခဲ့ရာမှ လက်ရှိမုန်းချောင်းဟု အမည်တွင်ခဲ့ကြောင်း သိရသည်။

ထိုချောင်းကိုအမှီပြု၍ ကျေးရွာတည်ရှိလာရာမှ ယခုအခါ ရပ်ကွက်ငါးခု၊ ကျေးရွာအချို့၊ အိမ်ခြေပေါင်း ၁၈၀၀ နီးပါးရှိသည့် မြို့ကလေးတစ်မြို့အဖြစ် စည်ကားသာယာနေသည်။ ဗမာ၊ ကရင်၊ ရှမ်း စသည့် တိုင်းရင်းသားများ မှီတင်းနေထိုင်ကြသည်။ ဘုန်းတော်ကြီး

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ သံတမန်အဖွဲ့ နာယက ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး၊ ဂျာမနီနိုင်ငံ သံရုံးယာယီတာဝန်ခံနှင့်အဖွဲ့ဝင်များ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများဖြစ်ကြသည့် UNHCR၊ UNICEF တို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်တွင်းပြည်ပ သတင်းစာဆရာများ၊ သတင်းနှင့်ပြန်ကြားရေးဆိုင်ရာပုဂ္ဂိုလ်များက ဆေးဝါးကုသမှုခံယူနေကြသော မိုင်းထိလူနာများအတွက် အလှူငွေများကို မုန်းမြို့တိုက်နယ်ဆေးရုံမှ ဒေါက်တာမောင်မောင်ခင်ထံ ပေးအပ်လှူဒါန်းစဉ်။ (ဓာတ်ပုံမှတ်တမ်း-သတင်းစဉ်)

နှစ်ကျောင်းနှင့် ဘုရားရှိခိုးကျောင်း တစ်ကျောင်းရှိသည်။ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံ၊ တယ်လီဖုန်းအိတ်ချိန်းရုံး၊ စာတိုက်ရုံး၊ လျှပ်စစ်ရုံး၊ မီးသတ်တပ်ဖွဲ့၊ တိမွေးကုရုံး၊ စိုက်ပျိုးရေးရုံးများလည်းရှိသည်။ တိုက်နယ်ဆေးရုံတွင် ခွဲစိတ်ကုသခန်းကို ပစ္စည်းကိရိယာအပြည့်အစုံဖြင့် တပ်ဆင်ပေးထားခြင်းကိုကြည့်လျှင် ဤမုန်းဒေသမှ တိုင်းရင်းသားပြည်သူများ KNU တို့၏ မိုင်းထောင်ဖောက်ခွဲမှုဒဏ်ကို မည်မျှခံခဲ့ရကြောင်း တွက်ဆ၍ ရနေသည်။

မွန်းလွဲ ၁ နာရီခွဲခန့် ဆာလောင်နေချိန်တွင် သက်ဆိုင်ရာမှ တည်ခင်းဧည့်ခံသော နေ့လယ်စာကို စားသုံးရ၍ မြိန်လှသည်။ ထမင်းစားနေရင်း တစ်လုတ်စားဖူး သူ့ကျေးဇူးဟူသော စကားကို သတိရမိသည်။ စင်စစ် KNU တို့သည် ၎င်းတို့၏ ဘဝရပ်တည်ရေးအတွက် ဒေသခံပြည်သူတို့ထံမှ ကောက်ခံရရှိသော ဆက်ကြေးဖြင့် အသက်မွေးနေကြရသူများဖြစ်သည်။ ဆက်ကြေးမပေးလျှင်လည်း ညှဉ်းပန်းနှိပ်စက်သတ်ဖြတ်ပြ၍ ကြောက်လန့်ပြီး ပေးကြရသည်ဟု ဒေသခံတိုင်းရင်းသားတစ်ဦးက သပြေညွန့်ရှာ၍ ရှင်းပြခဲ့သည်။ သို့ရာတွင် KNU တို့ကား ထမင်းရှင်ကို ကျေးဇူးတင်ရကောင်းမှန်းမသိ၊ မိုင်းထောင်ဖောက်ခွဲသတ်ဖြတ်၍ ကျေးဇူးဆပ်နေသည်မှာ အံ့ဩဖွယ်ကောင်းလှပါ၏။

မုန်းမြို့ခန်းမ၌ကျင်းပသော ဒေသခံပြည်သူတို့၏ KNU နှင့်ပတ်သက်သည့် ရင်ဖွင့်တင်ပြပွဲတွင် တိုက်နယ်ဆရာဝန်ကြီး ဒေါက်တာမောင်မောင်ခင်က KNU တို့ထောင်သော မိုင်းများကို နင်းမိပေါက်ကွဲသဖြင့် ပတ်ဝန်းကျင်ကျေးရွာများနှင့် မြို့ပေါ်ရပ်ကွက်များမှ ခြေပြတ်လက်ပြတ်ဖြစ်ပြီး ဒုက္ခိတဘဝ ရောက်ရှိနေရပုံများကို ရှင်းပြသည်။ ဤဒေသ၌ KNU တို့၏ မိုင်းဒဏ်ကြောင့် ဒဏ်ရာရသည့် လူနာများ နှစ်စဉ်ရှိခဲ့သည်။ ၂၀၀၄ ခုနှစ်က ၁၆ ယောက်၊ ၂၀၀၅ ခုနှစ်က ၁၄ ယောက်၊ ယခု ၂၀၀၆ ခုနှစ် မေလ ၁၃ ရက်နေ့အထိ ၁၈ ယောက် ဒဏ်ရာရရှိခဲ့ရသည်။ ယနေ့နံနက်မှာပင် မိုင်းထိလူနာတစ်ယောက် ရောက်လာ၍ ဖြတ်တောက်ကုသရန် စီစဉ်ထားရသည်ဟု ဆရာဝန်ကြီးက ပြောပြသည်။ ကြားရသူအားလုံး စိတ်မချမ်းမသာဖြစ်ကြရသည်။

မူလအစီအစဉ်မှာ တိုက်နယ်ဆရာဝန်ကြီး ရှင်းပြအပြီးတွင် ရပ်မိရပ်ဖတစ်ဦးက KNU တို့၏ လူသတ်မီးရှို့၊ ဆက်ကြေးကောက်၊ အဓမ္မခိုင်းစေ၊ မိုင်းထောင်ဖောက်ခွဲမှုများနှင့်ပတ်သက်ပြီး ခြုံငုံရှင်းပြရန်ဖြစ်သည်။ သို့ရာတွင် တက်ရောက်လာသူများက ၎င်းတို့ကိုယ်တိုင်တွေ့ကြုံခံစားခဲ့ရသည့် KNU ၏ ရက်စက်မှုအပေါင်း သရဖူဆောင်းသည့်လုပ်ရပ်များကို ဖွင့်ဟပြောကြားလိုကြသည်။ ထို့ကြောင့် အခမ်းအနားမှူးက မည်သူမဆို မိမိတို့၏ တွေ့ကြုံခံစားရမှုများကို ပြောကြားနိုင်ပါကြောင်း ဖိတ်ခေါ်လိုက်ရသည်။ ထိုအခါ KNU တို့၏ ရွာမီးရှို့မှု၊ လူသတ်မှုလုပ်ရပ်များ၊ လှည်း၊ နွားများကို အဓမ္မ ဖမ်းဆီးခေါ်ဆောင်ခံရသော ဖြစ်စဉ်များ၊ ဘုန်းတော်ကြီးကျောင်းကိုမီးရှို့ပြီး စုပေါင်းရှင်ပြုပွဲကို လက်ပစ်ဗုံးဖြင့် ပစ်ခတ်ခံရပုံဖြစ်ရပ်များ၊ ခြိမ်းခြောက်ဖမ်းဆီးပြီး မဝရေစာကျွေးကာ အဓမ္မအလုပ် လုပ်ခိုင်းခံရသော ဖြစ်ရပ်များ၊ ရွာဝန်းကျင် တစ်မိုင်ပတ်လည်အတွင်း KNU တို့က မိုင်းထောင်နေ၍ မသွားရဲမလာရဲ လုပ်ငန်းခွင်မဝင်ရဲဘဲ ဖြစ်နေရပုံများကို ဒေသခံတိုင်းရင်းသားများက ရင်ဖွင့်တင်ပြကြသည်။

သံတမန်များ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ပြည်တွင်းပြည်ပ သတင်းစာဆရာများ၏ ရှေ့မှောက်တွင် နိုင်ငံတကာကအထိ သိရှိနိုင်စေရန် သိကြားစေ သက်သေညွှန်းလိုက်သည့် ရင်ဖွင့်တင်ပြပွဲဟု ဆိုရပါမည်။ ရင်ဖွင့်တင်ပြကြသူအချို့မှာ ခံစားခဲ့ရသော ကိုယ်တွေ့ဖြစ်ရပ်များကို ပြန်လည်တင်ပြရင်း ငိုသံပါနေကြသည်။ မျက်ရည်ကျလုမတတ် ဖြစ်သူများလည်းရှိသည်။ စာရေးသူတို့ရင်မှာလည်း ပင့်သက်တစ်ရှိုက် လှိုက်ခနဲဖြစ်ပေါ်ခဲ့သည်။ ရင်ဖွင့်တင်ပြချက်များကို အင်္ဂလိပ်ဘာသာဖြင့် ပြန်ဆိုပြောကြားသဖြင့် သံတမန်များ၊ ကုလသမဂ္ဂဆိုင်ရာ တာဝန်ရှိသူများလည်း စာရေးသူတို့နည်းတူ ခံစားနေကြပုံကိုတွေ့ရသည်။ အပြန်ခရီးအတွက် အချိန်ကန့်သတ်ချက်ရှိ၍ အခမ်းအနားအစီအစဉ်ကို အဆုံးသတ်ခဲ့ရသော်လည်း စာရေးသူတို့သာ အချိန်ပေးနားထောင်နိုင်ပါက KNU တို့၏ အကြမ်းဖက်အဖျက်လုပ်ရပ်များကို ဒေသခံတိုင်းရင်းသားတို့က တစ်ထောင့်တစ်ညပုံပြင်မက ရင်ဖွင့်ပြောကြားကြရန် ရှိနေဆဲဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။

ထိုမှတစ်ဆင့် KNU တို့၏ မိုင်းဒဏ်ကြောင့် ဆေးဝါးကုသမှုခံယူနေရသူလူနာများအား ကြည့်ရှုအားပေးရန် တိုက်နယ်ဆေးရုံသို့ သွားရောက်ခဲ့ကြသည်။ တိုက်နယ်ဆေးရုံမှာ ဝင်းနှင့်ခြံနှင့်ဖြစ်ပြီး သပ်သပ်ရပ်ရပ် စနစ်တကျရှိသည်။ မိုင်းထိလူနာများအား ဝန်ကြီး၊ သံတမန်များ၊ ကုလသမဂ္ဂဆိုင်ရာ တာဝန်ရှိသူများက တစ်ဦးချင်းကြည့်ရှု၍ အားပေးစကားပြောကြားကြသည်။ စတုတ္ထတန်းကျောင်းသူ (၁၂)နှစ်သမီး မဝါဝါစိုးဆိုသော ကလေးငယ်မှအစ အသက်အရွယ်အစုံ၊ တိုင်းရင်းသားစုံ၊ မိုင်းထိလူနာများကို တွေ့ရသည်။ မေးမြန်းကြည့်ရှုအားပေးသူများကြောင့် ၎င်းတို့လည်း အားတက်နေကြဟန်ရှိသည်။ ဖိလစ်ပိုင်သံအမတ်ကြီးက တစ်ဦးချင်းကို အားပေးနှစ်သိမ့်စကား လိုက်လံပြောကြားသည်။ သတင်းသမားများကလည်း တွေ့ဆုံမေးမြန်းမှတ်တမ်းတင်ကြသည်။ ဘယ်ခြေထောက် ဖြတ်တောက်ကုသခံထားရသော မဝါဝါစိုးအား နာကျင်နေသေးသလားဟု မေးကြသည်။ ကလေးက မနာတော့ဘူးဟု ရိုးရိုးသားသားဖြေသည်။ ရွာဝန်းကျင်၌ မောင်နှမတစ်စု အင်ဖက်ကောက်ရန်သွားရင်း ကံဆိုးမိုးမှောင်ကျခဲ့ရသူလေးဖြစ်သည်။ ကလေးခမျာ ကျောင်းဖွင့်ချိန်အမီ ကျောင်းတက်ရန်သာ စိတ်စော၍နေသည်။ သားသမီးချင်း၊ ညီအစ်ကိုမောင်နှမချင်း၊ တိုင်းရင်းသားပြည်သူအချင်းချင်း ကိုယ်ချင်းစာနာမှုများ စာရေးသူတို့ကိုယ်စီ၏ ရင်တွင်း၌ ပြည့်သိပ်ခံစားခဲ့ရသည်။

ပြန်ကြားရေးဝန်ကြီးက မိုင်းထိလူနာများ ဆေးဝါးကုသရေးတွင် ထောက်ပံ့ကူညီသည့်အနေဖြင့် ၎င်း၏အိတ်ထဲတွင်ပါသော ငွေများကို ထုတ်၍ ဦးဆောင်လှူဒါန်းသည်။ သံတမန်များ၊ ကုလသမဂ္ဂဆိုင်ရာ တာဝန်ရှိသူများကလည်း မိမိတို့အိတ်ထဲတွင် ပါသမျှထုတ်၍ လှူဒါန်း

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ သံတမန်အဖွဲ့ နာယကနှင့် အဖွဲ့ဝင်များ၊ ပြည်တွင်းပြည်ပမှ သတင်းစာဆရာများနှင့် စာနယ်ဇင်းဆိုင်ရာ ပုဂ္ဂိုလ်များ KNU သောင်းကျန်းသူတို့၏ မိုင်းထောင်ဖောက်ခွဲမှုကြောင့် ကိုယ်လက်အင်္ဂါဆုံးရှုံးပြီး ဒုက္ခိတဘဝရောက်ရှိ၍ ဆေးကုသမှုခံယူနေကြရသော ဒေသခံတိုင်းရင်းသားပြည်သူများအား လှည့်လည်ကြည့်ရှု အားပေးစကားပြောကြားခဲ့ကြစဉ်။ (ဓာတ်ပုံမှတ်တမ်း-သတင်းစဉ်)

ကြသည်။ ပြည်တွင်းပြည်ပ သတင်းစာဆရာများကလည်း ပါဝင်လှူဒါန်းကြသည်။ သတင်းနှင့်ပြန်ကြားရေးဆိုင်ရာ တာဝန်ရှိသူများကလည်း လှူဒါန်းကြသည်။ လတ်တလောအလှူဖြစ်၍ ရရှိငွေစုစုပေါင်းကျပ် ၁၀၁၃၀၀ ကို ပေးအပ်လှူဒါန်းနိုင်ခဲ့ပါသည်။

မုန်းမြို့မှ ပြန်လည်ထွက်ခွာချိန်တွင် နေအတော်စောင်းနေပြီဖြစ်သည်။ မုန်းမြို့မှ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် ဖြတ်သန်းရာလမ်းတစ်လျှောက်မှ တိုင်းရင်းသားပြည်သူများက လေ့လာရေးအဖွဲ့ဝင်များအား လက်များဝှေ့ယမ်း၍ ဝမ်းသာရွှင်ပျ နှုတ်ဆက်ကြသည်။ ၎င်းတို့၏ဒေသကို ကိုယ်တိုင်ကိုယ်ကျ လာရောက်လေ့လာပြီး ပကတိဖြစ်ရပ်မှန်များကို ပြန်ကြားပေးကြမည့် စာနယ်ဇင်းသမားများအား အားထားယုံကြည်စိတ်အပြည့်ဖြင့် နှုတ်ဆက်ကြခြင်းဖြစ်သည်။

အပြန်ခရီးတွင် ဤနယ်မြေ ဤဒေသမှ တိုင်းရင်းသားပြည်သူများ အလိုအရှိဆုံးမှာ ဘယ်အရာဖြစ်ပါသနည်းဟု တွေးနေမိသည်။ ဤနယ်မြေ ဤဒေသမှ ကျေးရွာများအနေဖြင့် ဘယ်အရာကို အလိုရှိနေပါသလဲဟု မေးခွန်းထုတ်မိသည်။ ထိုအခါ ဝတ္ထုတိုတစ်ပုဒ်၏ ခေါင်းစဉ်လေး စိတ်ထဲတွင်ပေါ်လာသည်။ **"ဘာကိုရွေးမလဲ ရွာကလေးရယ်"**ဟူ၍ဖြစ်သည်။ ဤသို့မေးလာပါက ဤနယ်မြေ ဤဒေသမှ ကျေးရွာများ၊ ဒေသခံတိုင်းရင်းသားများက ငြိမ်းချမ်းခြင်း၊ သာယာဝပြောခြင်း၊ ဖွံ့ဖြိုးတိုးတက်ခြင်းတို့ကိုသာ ရွေးလိုပါသည်ဟု ဧကန်မုချ ဖြေကြားကြမည်သာဖြစ်သည်။

ထို့ကြောင့် ပြည်သူတို့ လိုလားတောင်းတသော ငြိမ်းချမ်းရေး၊ သာယာဝပြောရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် KNU တို့၏ မှားယွင်းသော အကြမ်းဖက်အဖျက်လုပ်ရပ်များ ရပ်တန့်ရပ်သိမ်း ချုပ်ငြိမ်းသွားအောင် နိုင်ငံတော်၊ ပြည်သူ၊ တပ်မတော်တို့နှင့်အတူ စာရေးသူတို့ စာနယ်ဇင်းသမားများကလည်း ပါဝင်ပူးပေါင်းဆောင်ရွက်သွားကြရမည်သာ ဖြစ်ပါတော့သည်။ ။

မမုန်းရက်ပါ မုန်း

* ဆယ့်နှစ်နှစ်ရွယ်၊ သမီးငယ်၏
နုနယ်ဘဝ၊ ဖူးပွင့်စကို
မြေခကြွေသက်၊ ဘဝပျက်အောင်
ခြေလက်ဖြတ်သူ ကေအင်န်ယူ။

* အိုကြီးအိုမ၊ မိနှင့်ဖကို
တုပ်ကွလုပ်ကျွေး၊ လူငယ်လေးအား
မကျွေးနိုင်အောင်၊ မိုင်းဗုံးထောင်၍
အမှောင်ဇာတ်တွင်း၊ ဆွဲ၍သွင်းသည်
ရန့်ရင်းလှသူ ကေအင်န်ယူ။

* ဟင်းစားရှာဖွေ၊ သားတို့အမေလျှင်
နေညိုချိန်တန်၊ အိမ်အပြန်ဝယ်
မပြန်နိုင်လတ်၊ ခြေစုံပြတ်၍
မတ်တတ်ကလဲ၊ သွေးအိုင်ထဲဝယ်
ကြေကွဲစေသူ ကေအင်န်ယူ။

* ဗုဒ္ဓဘာသာ၊ ရှင်တစ်ရာကို
သာသနာ့အမွေ၊ ခံယူနေတုန်း
လက်ပစ်ဗုံးဖြင့်
ဝုန်းဒိုင်းပေါက်ကွဲ၊ အကျိုးနည်းအောင်
ပွဲဖျက်ခဲ့သူ ကေအင်န်ယူ။

* သြော်...ကေအင်န်ယူက၊ အဘယ်မျှပင်
အလှပျက်သုဉ်း၊ ဘဝဆုံးအောင်
မုန်းချောင်းဒေသ၊ နေထိုင်ကြသည့်
ဖြူစွ နှလုံးသား၊ ပြည်သူများကို
သနားမဖက်၊ ရက်စက်မဆုံး
မုန်းကြီးမုန်းလည်း၊ မုန်းဒေသနေ
ပြည်သူတွေကို၊ ဒို့တွေမမုန်း
ချစ်မဆုံးဘဲ၊ နှလုံးစိတ်တွင်
မြတ်နိုးခင်လျက်၊ ကြင်နာအားပေး
ယုယထွေး၏၊
မျှော်တွေးဆန္ဒ၊ ဆုခြွေရသော်
"မြန်မာ့မြေတစ်ဝှမ်း၊ အလှခန်းအောင်
အကြမ်းဖက်သူ၊ သောင်းကျန်းသူကို
ပြည်သူဒဏ်ခတ်၊ မကြာလတ်ဘဲ
မိုက်ဇာတ်အမြန် သိမ်းပါစေ။
မမုန်းနိုင်တဲ့ မုန်းချောင်းရေ။
ငြိမ်းချမ်းကြည်လင် စီးပါစေ"။ ။

(၁၃-၅-၂၀၀၆ ရက်နေ့ မုန်းဒေသသို့ ပြည်တွင်းပြည်ပ သတင်းစာဆရာများ လေ့လာရေးခရီးစဉ်အမှတ်တရ)

မြင်းမူမောင်နိုင်မိုး

လှိုင်သာယာမြို့နယ် ပဒံရပ်ကွက်တွင် တည်ထားကိုးကွယ်သော အောင်သိဒ္ဓိဗလ မြစိမ်းရောင်ကိုးနဝင်းစေတီတော် ထီးတော်တင်လှူပွဲကို မေ ၁၁ ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးခင်သိန်းမောင်နှင့်ဇနီး၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတီတော် ဘက်စုံပြုပြင်မွမ်းမံရေးကော်မတီဝင်များနှင့် အလှူရှင်များက ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို ဆရာတော်ထံ ဆက်ကပ်စဉ်။ (၁၈၀)

သဲအင်းဂူအဓိဋ္ဌာန် ငါးရက်စခန်းပွဲ

ရန်ကုန် မေ ၁၈

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၁၆)ရပ်ကွက် သာသနာဒီပ သဲအင်းဂူဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်၌ လစဉ်ကျင်းပလျက်ရှိသော အဓိဋ္ဌာန်တရားစခန်းပွဲကို မေ ၂၇ ရက်မှ ၃၁ရက်အထိ ဘဒ္ဒန္တမုနိန္ဒ(ကျိုက်ပိုင်း)၊ ဘဒ္ဒန္တဇဋိလ(ရန်မျိုးအောင်)၊ ဘဒ္ဒန္တသိရိန္ဒ၊ အရှင်သုနန္ဒ(သာသနာဒီပ)ဆရာတော်များက ခန္ဓာကိုယ်တွေ့ ဝိပဿနာအလုပ်ပေးတရားတော်များကို ကျေးဇူးရှင် သဲအင်းဂူဆရာတော်ကြီးများ၏ ဥပနိဿယအတိုင်း ဟောကြားပြသမည်ဖြစ်သည်။ တရားအားထုတ် လိုသူများသည် မေ၂၆ရက်ညနေအရောက် လာရောက်ရန်နှင့် အရဏ်ဆွမ်း၊ နေ့ဆွမ်း၊ အချိုပွဲ အလှူရှင်များလည်း လာရောက်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

ဝိပဿနာတရားစခန်းဖွင့်လှစ်

ရန်ကုန် မေ ၁၈

တောင်ဒဂုံဆိပ်ကမ်းမြို့နယ်အမှတ်(၈၈) ဦးဘဉာဏ်လမ်း၊ ၅၈ ပန်းချီပန်းပုရပ်ကွက်ရှိ ဆရာကြီး ဦးသန်း ကမ္မဋ္ဌာန်းရိပ်သာတွင် လစဉ်ကျင်းပလျက်ရှိသော လယ်တီမူအနာဂါမ်ဆရာသက်ကြီးနည်း ဝိပဿနာ ခုနစ်ရက်တရားစခန်းကို ဇွန် ၂ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်သည်။

တရားစခန်းဝင်လိုသော ယောဂီများအား ဇွန် ၁ ရက် ညနေ ၃ နာရီခွဲတွင် မင်္ဂလာဗျူဟာအဖွဲ့ချုပ်မှ တောင်ဒဂုံမြို့နယ် ဆရာကြီး ဦးသန်း ကမ္မဋ္ဌာန်းရိပ်သာသို့ မော်တော်ယာဉ်ဖြင့် အခမဲ့ ပို့ဆောင်ပေးမည်ဖြစ်ကြောင်းသိရသည်။ (က-ပ)

ကိုရီးယားသမ္မတနိုင်ငံရေကြောင်းပညာတက္ကသိုလ် လေ့ကျင့်ရေးရေယာဉ် ရန်ကုန်မြို့သို့ရောက်ရှိ

ရန်ကုန် မေ ၁၈

ကိုရီးယားသမ္မတနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်မှ သင်တန်းသားများနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ရေကြောင်းပညာသိပ္ပံမှ ကျောင်းဆင်း အရာရှိလောင်း သင်တန်းသား လေးဦးတို့ လိုက်ပါလာကြသည့် ကိုရီးယားသမ္မတနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်၏ လေ့ကျင့်ရေးရေယာဉ် Hanbada သင်္ဘောသည် ကမ္ဘာအနှံ့နိုင်ငံများသို့ လက်တွေ့လေ့ကျင့်ရေး ခရီးစဉ်အဖြစ် ယနေ့ညနေ ၅နာရီခွဲတွင် ရန်ကုန်မြို့ရှိ နန်းသီတာ ဆိပ်ကမ်းသို့ ရောက်ရှိလာသည်။

ကြိုဆိုနှုတ်ဆက်

အဆိုပါ လေ့ကျင့်ရေးရေယာဉ် Hanbada သင်္ဘောမှတာဝန်ရှိသူများနှင့်သင်တန်းသားများအားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတ နိုင်ငံ သံအမတ်ကြီး Mr.Lee Ju-Heum နှင့် သံရုံးအဖွဲ့ဝင်များ၊ရေကြောင်းပညာသိပ္ပံမှကျောင်းအုပ်ကြီး ဦးဝင်းသိမ်းနှင့် ဌာနမှူးများ၊ ဆရာ၊ ဆရာမများ၊ အရာရှိလောင်း သင်တန်းသားများက နန်းသီတာဆိပ်ကမ်းမှ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးဖေသန်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

အဆိုပါ လေ့ကျင့်ရေးရေယာဉ် Hanbada သင်္ဘောသည် မြန်မာနိုင်ငံ၌ မေ ၂၂ ရက်အထိ ဝင်ရောက်ပြီးနောက် ကမ္ဘာအနှံ့နိုင်ငံများသို့ လက်တွေ့ လေ့ကျင့်ရေးခရီးစဉ်အဖြစ် ဆက်လက် ထွက်ခွာသွားမည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

မိုးကုတ်ဝိပဿနာတရားပွဲ

ရန်ကုန် မေ ၁၈

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ၁၂ရပ်ကွက်၊ ပေါ်ဦး ၅လမ်း သာသနာ့သာစည်ကျောင်းတိုက် အဖွဲ့ခွဲအမှတ်(၃၉၉)၏ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာကြီးတွင် လစဉ်တစ်လတစ်ကြိမ် ခုနစ်ရက်တရား စခန်းပွဲကို လဆန်းတစ်ရက်နေ့မှ လဆန်း၇ရက်အထိ လစဉ်ကျင်းပမည်ဖြစ်ရာ လစဉ် လကွယ်နေ့ ညနေ၅နာရီအရောက် လာရောက်ကြပါရန်နှင့် ဆွမ်းအစရှိသည်တို့ကို လှူဒါန်းလိုပါက ဖုန်း-၅၈၀၀၇၅နှင့် ၅၈၀၇၂၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

ကိုရီးယားသမ္မတနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်၏ လေ့ကျင့်ရေးရေယာဉ် (Hanbada)သင်္ဘော ရန်ကုန်မြို့ နန်းသီတာဆိပ်ကမ်းသို့ ရောက်ရှိလာရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများက ကြိုဆိုကြစဉ်။ (သတင်းစဉ်)

တောင်သမန်သစ္စာဆက်လက်ပြသ နိုင်ငံခြားဇာတ်ကားသစ် AEONFLUX ရုံတင်

ရန်ကုန် မေ ၁၈

ရုပ်ရှင်သတင်းထောက်

ဒါရိုက်တာမောင်နန္ဒ၏ နောက်ဆုံးလက်ရာ **တောင်သမန်သစ္စာ**ဇာတ်ကားမှာ ရန်ကုန်မြို့၌ သမ္မတ၊ သွင်နှင့် မင်္ဂလာရုံများတွင် လည်းကောင်း၊ မန္တလေးမြို့၌ ဝင်းလိုက်နှင့် မြို့မရုံတွင်လည်းကောင်း ဆက်လက်ပြသလျက်ရှိသည်။

ရှေ့ဆောင်ရုံတွင် အက်ရှင်ဇာတ်ကား ဓားသမားခုနစ်ယောက် **Seven Swords** ရုံဝင်လာသည်။ တရုတ်သိုင်းကားပရိသတ်အကြိုက်တွေ့မည့် ဇာတ်ကားတစ်ကားဖြစ်သည်။

နေပြည်တော်ရုံတွင် ရုံဝင်လာသော **AEONFLUX** ဇာတ်ကားမှာ သိပ္ပံဇာတ်ဆန်းကားဖြစ်သည်။ ဗိုင်းရပ်စ်ပိုးတစ်မျိုးကြောင့် လူသားမျိုးနွယ်များ မျိုးတုံးမည့်အန္တရာယ်မှ ကင်းဝေးစေရန် ကာကွယ်လိုက်ရပုံများကို အခြေခံရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။

ရန်အောင်၊ ထွန်းအိန္ဒြာဗို၊ စိုင်းစိုင်းခမ်းလှိုင်၊ သက်မွန်မြင့်တို့ ခေါင်းဆောင် ပါဝင်ထားသော **ဂုဏ်ရှိန်ပြင်းတဲ့ချစ်ခြင်းသိက္ခာ** ဇာတ်ကားမှာ မြို့လယ် ဝဇီရာ၊ စံပြ၊ ရွှေမန်းနှင့် သီတာရုံများတွင် ဆက်လက်ပြသလျက်ရှိသည်။

ရွှေဂုန်ရုံ မြေညီထပ်တွင် အိန္ဒိယဇာတ်ကား **Mr. India** ဆက်လက်ပြသနေပြီး ရွှေဂုန်ရုံအပေါ်ထပ်တွင် အက်ရှင်မင်းသား ချက်စ်နောရစ် ခေါင်းဆောင်ပါဝင်ထားသော **Missing in Action** ဇာတ်ကားဖြင့် ဖျော်ဖြေလျက်ရှိသည်။ မြို့မရုံတွင် **Githan** အိန္ဒိယဇာတ်ကား ဆက်လက်ပြသနေပြီး ဆုထူးပန်ရုံတွင် **Jun**ဇာတ်ကား ရုံဝင်လာသည်။ **Jun**ဇာတ်ကားတွင် အက်ရှင်မင်းသား မီသွန်းချက်ကရာဗာတီနှင့် အာဂျေးတို့ ခေါင်းဆောင်ပါဝင်ထားသည်။ ။ (မြန်မာ့အလင်း)

ဂုဏ်ရှိန်ပြင်းတဲ့ချစ်ခြင်းသိက္ခာ ဇာတ်ကားမှ စိုင်းစိုင်းခမ်းလှိုင်နှင့် သက်မွန်မြင့်။

တောင်သမန်သစ္စာဇာတ်ကားမှ ဒွေးနှင့် နန္ဒာလှိုင်။

တိပိဋကဓရတိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲ စာအောင်သံဃာများ ပူဇော်ပွဲကျင်းပမည်

ရန်ကုန် မေ ၁၈

နိုင်ငံတော်က ကြီးမှူးကျင်းပသော (၅၈)ကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲကြီးတွင် ဤအဖွဲ့၏ ထောက်ပံ့ပူဇော်မှုကိုခံယူ၍ စာမေးပွဲဖြေဆိုအောင်မြင်တော်မူကြသည့် မူလအာဘိဓမ္မက (နှစ်ပုံခွဲဆောင်)(အထူးအောင်)တစ်ပါး၊ ဒီဃနိကာယကောဝိဒ(နှစ်ပုံအောင်) တစ်ပါး၊ ဥဘတောဝိဘင်္ဂကောဝိဒလေးပါး၊ ဝိနယဓရ၁၀ပါး၊ ဥဘတောဝိဘင်္ဂရေ(အထူးအောင်)သုံးပါး၊ ဥဘတောဝိဘင်္ဂရေ၂၉ပါး စုစုပေါင်း သာသနာ့အာဇာနည် အရှင်သူမြတ် ၄၈ပါးတို့အား ချီးကျူးဂုဏ်ပြု ပူဇော်ပွဲနှင့် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီး အပါအဝင် ဆရာတော်ကြီးလေးပါး၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်ရှစ်ပါးတို့အားကြည်ညိုပူဇော်ပွဲကို မေ ၂၈ ရက်(တနင်္ဂနွေနေ့)တွင် အမှတ် ၁၅ ကြားတောရလမ်း တိပိဋကဓမ္မရက္ခိတ ဗိမာန်တော်ကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ကြည်ညိုလှူဒါန်းပူဇော်လိုသူများ ဗဟိုအကျိုးတော်ဆောင်များနှင့် အဖွဲ့တည်ရှိရာ အမှတ် ၁၅ ကြားတောရလမ်း တိပိဋကဓမ္မရက္ခိတ ဗိမာန်တော် ရွှေတိဂုံဘုရားအရှေ့ဘက် ဗဟန်း ရန်ကုန်မြို့ ဖုန်း-၃၈၂၁၁၁၊ ၂၄၈၂၂၄ တို့သို့ ဆက်သွယ်လှူဒါန်းကြရန် ဖိတ်ကြားနိုးဆော်ထားကြောင်း သိရသည်။ (မြန်မာ့အလင်း)

ဝိပဿနာခုနစ်ရက်တရားစခန်းဖွင့်မည်

ရန်ကုန် မေ ၁၈

အနာဂါမ်ဆရာသက်ကြီး ဝိပဿနာအဖွဲ့ချုပ်က ကြီးမှူးလျက် ကမ္မဋ္ဌာန်းဆရာကြီး ဦးသန်း(မဟာသဒ္ဓမ္မဇောတိကဓဇ)ဦးဆောင်သော မြန်မာလကွယ်နေ့တိုင်း ဖွင့်လှစ်မြဲဖြစ်သည့် (၁၅၇)ကြိမ်မြောက် အနာဂါမ်ဆရာသက်ကြီး ဝိပဿနာ ခုနစ်ရက် တရားစခန်းကို သန်လျင်မြို့ နာရီစင်အနီး၊ ဝိဇ္ဇာလမ်းရှိ အနာဂါမ်ဆရာသက်ကြီး ဝိပဿနာ ဓမ္မရိပ်သာ၌ မေ ၂၆ရက် ညနေ၆နာရီတွင် ဖွင့်လှစ်မည်ဖြစ်သည်။

တရားစခန်းဝင်လိုသော ယောဂီများသည် ဖုန်း-၂၅၄၉၀၆နှင့် ၀၅၆-၂၁၄၃၂ သို့ ဆက်သွယ် စာရင်းသွင်းနိုင်ကြောင်းနှင့် တရားစခန်းဖွင့်မည့် မေ ၂၆ရက် ညနေ ၃နာရီထက် နောက်မကျစေဘဲ မိမိတို့၏ အမျိုးသားမှတ်ပုံတင်များ ယူဆောင်ပြီး ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ မင်္ဂလာဗျူဟာ အသင်းချုပ်သို့ လာရောက်ကြပါက မော်တော်ယာဉ်များဖြင့် အခမဲ့ပို့ဆောင်ပေးရန် စီစဉ်ထားကြောင်းသိရသည်။ (က-ပ)

❐ ကျော်ဖုံးမှ

အဆိုပါ ဘက်စုံစီမံကိန်းများတွင် တစ်ခုအပါအဝင်ဖြစ်သည့် ဖြူးချောင်း ရေလှောင်တမံစီမံကိန်းကို အကောင် အထည်ဖော်ဆောင်ရွက်ရန်အတွက် ၂၀၀၂ ခုနှစ် ဇူလိုင် ၂၃ ရက်က ကျင်းပ ခဲ့သော အထူးစီမံကိန်းများ အကောင် အထည်ဖော်ရေးအဖွဲ့၏ (၂/၂၀၀၂) အစည်းအဝေးမှ အတည်ပြုဆုံးဖြတ် ပေးခဲ့သည်။

သွားရောက်

ဖြူးချောင်းရေလှောင်တမံ ဘက်စုံ စီမံကိန်းတည်ဆောက်လျက်ရှိခြင်းနှင့် ပတ်သက်၍ လေ့လာနိုင်ရန်အတွက် မြန်မာ့အလင်းသတင်းအဖွဲ့သည် ပဲခူး တိုင်း ဖြူးမြို့နယ် ဖြူးချောင်းသဘော် မြောင်းရိုးအနီးတွင်တည်ရှိသော ဖြူး ချောင်းရေလှောင်တမံစီမံကိန်းသို့ လွန် ခဲ့သော မေ ၂၆ ရက်က သွားရောက် လေ့လာခဲ့ကြသည်။

ရှင်းလင်းပြောကြား

ဖြူးချောင်းရေလှောင်တမံ ဘက်စုံ စီမံကိန်းကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်း ဦးစီးဌာန တည်ဆောက်ရေး(၁)မှ တာဝန်ယူ တည်ဆောက်လျက်ရှိပြီး တည်ဆောက်ရေး(၁) လက်ထောက် ညွှန်ကြားရေးမှူး(၄) ဦးမြင့်အောင်က လုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို ရှင်းလင်းပြောကြား ခဲ့သည်။

လုပ်ငန်းကဏ္ဍများ

ဖြူးချောင်း ရေလှောင်တမံဘက်စုံ စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အဓိကပါဝင်သော လုပ်ငန်းကဏ္ဍများမှာ ရေလွှဲဥမင်တည် ဆောက်ခြင်း၊ မြေသားတမံတည် ဆောက်ခြင်း၊ ရေပိုလွှဲတည် ဆောက် ခြင်း၊ ရေလွှဲဆည်တည်ဆောက်ခြင်း၊ ဆည်ရေသောက်စနစ် တည်ဆောက် ခြင်းတို့ ဖြစ်သည်။

ရည်ရွယ်လုပ်ဆောင်

ဖြူးချောင်းရေလှောင်တမံဘက်စုံ စီမံကိန်းကို အကောင်အထည်ဖော်ရာ တွင် ဖြူးချောင်းပေါ်၌ အလျားပေ ၁၀၂၀ (၃၁၀ မီတာ)၊ အမြင့် ၂၄၅ ပေ (၇၄ ဒသမ ၇ မီတာ)ရှိသော မြေသား တမံတစ်ခုကို တည်ဆောက်ပြီး အုတ် တွင်းမြို့နယ်နှင့် ဖြူးမြို့နယ်အတွင်းရှိ လယ်မြေဧက တစ်သိန်းခန့်ကို ရေပေး ဝေစိုက်ပျိုးနိုင်ရန်နှင့် ရေအားလျှပ်စစ် နှစ်စဉ်ပျမ်းမျှ ကီလိုဝပ်နာရီ ၁၂၁ သန်းကို ၂၀ မဂ္ဂါဝပ်နှစ်လုံး (မဂ္ဂါဝပ် ၄၀) ဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ် သွားရန်ပါ ရည်ရွယ်လုပ်ဆောင်မည် ဖြစ်သည်။

မိုးရေချိန်

ဖြူးချောင်းရေလှောင်တမံကို ရေစီးအားထက်သန်သော ဖြူးချောင်း ကို မြေသားတမံတည်ဆောက်၍ ဆည် တည်ဆောက်မည်ဖြစ်သည့်အလျောက် ရေဆင်း ဧရိယာ ၄၂၂ စတုရန်းမိုင် ရှိသည်။ ဖြူးချောင်းရေလှောင်တမံ ဒေသတွင် ပျမ်းမျှမိုးရေချိန် လက်မ ၁၀၀ ရွာသွန်းခဲ့ပြီး နှစ်စဉ်ပျမ်းမျှ စီးဝင် ရေ ဧကပေ ၆၆၈၃၆၀ စီးဝင်မည်ဟု သိရသည်။

ကန်ပြည့်ရေလှောင်ပမာဏ

ဖြူးချောင်းရေလှောင်တမံတွင် ကန်ရေပြည့် ရေလှောင်ပမာဏ ၆၃၂၅၃၀ ဧကပေ သိုလှောင်မည်ဖြစ် သောကြောင့် ကန်ရေပြည့်ရေပြင်ကျယ် သည် ဧရိယာဧက ၁၄၅၇၀ နှင့် ကန် ရေသေ ရေလှောင်ပမာဏ ၄၂၄၃၈ ဧကပေရှိမည်ဖြစ်သည်။

ရေလှောင်တမံကို တည်ဆောက် ရန်အတွက် ကွန်ကရစ်ရေလှောင်တမံ တည်ဆောက်ရန် စီစဉ်သော်လည်း အောက်ခံမြေသားခံနိုင် ရည်မရှိခြင်း ကြောင့် ကျောက်ဖြည့် ရေလှောင်တမံ တည်ဆောက်ရန် စီစဉ်ခဲ့သည်။

ပဲခူးတိုင်းပြည်သူများ၏ စိုက်ပျိုးရေး၊ လူမှုရေးနှင့် စီးပွားရေးသာမက နိုင်ငံအတွက် များစွာအကျိုးရှိမည့် စီမံကိန်းတစ်ရပ်ဖြစ်

သို့ရာတွင် လိုအပ်သော ကျောက် လုံလောက်စွာ ရရှိရန်ခဲယဉ်းသော ကြောင့် မြေသားတမံတည်ဆောက် ရန်စီစဉ်ခဲ့သည်။

စတင်ဆောင်ရွက်

မြေသားတမံ တည်ဆောက်ခြင်း မပြုလုပ်မီ ဖြူးချောင်းရေကို ရေလွှဲ ပေးရန် လိုအပ်သောကြောင့် ပဲခူးရိုးမ တောင်တန်းကို ရေလွှဲဥမင်လိုဏ် ဖောက်ရန်လိုအပ်သောကြောင့် အလျား ၂၄၇၇ ပေ၊ အချင်း ၄ မီတာ၊ ၁၃ ပေ ရှိသော ရေလွှဲဥမင်လိုဏ်ကို ၁၉–၂– ၂၀၀၃ ရက်တွင် အဝင်ဘက်မှ စတင် ဖောက်လုပ်ခဲ့သည်။ ရေလွှဲဥမင်ဖောက် ရာ၌ အဝင်ဘက်မှ စတင်ဖောက်ပြီး အထွက်ပေါက်ဘက်မှ ဥမင်ကို အဝင် ဥမင်ဖောက်လုပ်ပြီး ၁၀ လခန့်အကြာ ခြင်းလုပ်ငန်းကို ၂၀၀၆ ခုနှစ် မေ ၁၉ ရက် ညနေ ၄ နာရီခွဲတွင် အောင်မြင်စွာ တိုးလျှိုပေါက်ဖောက် ဆောင်ရွက်နိုင် ပေပြီ။ တိုးလျှိုပေါက်ဖောက်ပြီးသော ဥမင်လိုဏ်ကို ဆက်လက်၍ လိုင်နင် ကွန်ကရစ်များ ကိုင်ခြင်း၊ သံပေါင်များ ကပ်ခြင်း၊ ကြမ်းခင်းကွန်ကရစ်ခင်း ခြင်း၊ တူးထားသော မြေစာများထုတ် ခြင်းတို့ ဆောင်ရွက်လျက်ရှိသည်။ တမံလုပ်ငန်းများကဲ့သို့ မြေပြင်တွင် ဆောင်ရွက်ရခြင်း မဟုတ်ဘဲ၊ တောင်တန်းတောင် ကုန်းများပေါ်တွင် လုပ်ရမည်ဖြစ်သောကြောင့် လည်း ကောင်း၊ လုပ်ငန်းခွင်ဧရိယာမှာ ကျဉ်းသော နေရာဖြစ်သောကြောင့် လည်းကောင်း သတ်မှတ်ကာလ အတွင်း ပြီးစီးနိုင်ရန် ကြိုးပမ်းဆောင် ရွက်လျက်ရှိသည်။

ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၄)မှ ပဲခူးတိုင်း ဖြူးမြို့နယ်ရှိ ဖြူးချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းတွင် ပါဝင်သည့် ရေလွှဲဥမင် (အဝင်) တည်ဆောက်ပြီးစီးမှုအခြေအနေကို မေ ၂၆ ရက်က ဤသို့ တွေ့ခဲ့ရသည်။
ဓာတ်ပုံ–သိန်းဝင်းလေး (မြန်မာ့အလင်း)

ရေလွှဲဥမင် (အထွက်)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်း ဦးစီးဌာန တည်ဆောက်ရေး(၄)မှ ပဲခူးတိုင်း ဖြူးမြို့နယ်ရှိ ဖြူးချောင်း ရေလှောင် တမံ ဘက်စုံစီမံကိန်း တွင်ပါဝင်သည့် ရေ လွှဲ ဥ မင် (အထွက်)တည် ဆောက်ပြီးစီးမှု မြင်ကွင်းကို မေ ၂၆ ရက်က ဤသို့ တွေ့ရ သည်။

ဓာတ်ပုံ– သိန်းဝင်းလေး (မြန်မာ့အလင်း)



၁၀–၁၂–၂၀၀၃ ရက်တွင် စတင် လုပ်ဆောင်ကြသည်။

အခက်အခဲ

ရေလွှဲဥမင်ဖောက်ရာတွင် ဖောက်ခွဲ ရသော ကျောက်သားများမှာ ကျောက် သင်ပုန်းဆန်သော ကျောက်သားများ၊ သဲဆန်သော ကျောက်သားများ၊ မာသောကျောက်သားများဖြင့် ရောနေ သည့် ကျောက်သားများကို ဖောက်ခွဲ ရခြင်းကြောင့် အခက်အခဲ များစွာ ရင်ဆိုင်၍ ဖောက်ကြရသည်။

ဥမင်လိုဏ်ခေါင်းတူးရာ၌ တူးပြီး သော ဥမင်လိုဏ်ဂူကို သံပေါင်ကပ် ၍ ကွန်ကရစ်နံရံလောင်းထားပြီး ရှေ့ ဆက်တူးနိုင်ကြသည်။ သံပေါင်နှင့်ကွန် ကရစ်လောင်းထားသည့်တိုင်အောင် အမိုးမှပေါက်၍ပြိုကျခြင်း၊ မြေသား မငြိမ်ဘဲ ပိလာခြင်းကြောင့် သံပေါင် ကြီးများကွေးလာခြင်း စသော အခက် အခဲများတွေ့ရသဖြင့် လုပ်ငန်းဆောင် ရွက်ရာ၌ ခက်ခဲကြန့်ကြာစွာ လုပ်ကိုင် ခဲ့ရကြောင်း သိရသည်။

ရင်ဆိုင်ကျော်လွှား

ယင်းကဲ့သို့ အခက်အခဲများတွေ့ရ သော်လည်း သက်ဆိုင်ရာမြန်မာအင်ဂျင် နီယာများ၊ အရာထမ်း၊ အမှုထမ်း၊ လုပ်သားများသည် ဖွဲ့ဖြင့် အခက်အခဲ များကို ရင်ဆိုင်ကျော်လွှားပြီး ဆောင် ရွက်နိုင်ခဲ့ခြင်းကြောင့်ရေလွှဲဥမင်ဖောက်

ပင်မတမံ

ဖြူးချောင်းရေလှောင်တမံ ဘက်စုံ လုပ်ငန်း ရေလွှဲဥမင်လုပ်ငန်း ပြီးစီး သွားသည့် နောက်ပိုင်းတွင် ပင်မတမံ တည်ဆောက်ရေး လုပ်ငန်းများဖြစ် သော အောက်ခြေအုတ်မြစ်ပြုပြင်ခြင်း လုပ်ငန်းများကို လုပ်ကိုင်လျက်ရှိပြီး ရေပိုလွှဲတည်ဆောက်ခြင်းလုပ်ငန်းများ ကို ဆက်လက်ဆောင်ရွက်လျက်ရှိ သည်။

ဖြူးချောင်းရေလှောင်တမံ ဘက်စုံ စီမံကိန်းကို ၂၀၀၁ ခုနှစ် နိုဝင်ဘာလ တွင် စတင်အကောင်အထည်ဖော်ခဲ့ရာ တမံတည်ဆောက်မည့်နေရာ အဆင့် ဆင့် ရွေးချယ်ခြင်း၊ လိုအပ်သော စူးစမ်းလေ့လာမှုများ ပြုလုပ်နေရခြင်း ကြောင့် တည်ဆောက်ရေးလုပ်ငန်း များ စတင်သည့်ကာလ လွန်စွာ နောက်ကျခဲ့သည်။

သတ်မှတ်ကာလ

ဖြူးချောင်းရေလှောင်တမံ ဘက်စုံ စီမံကိန်းအရ ဥမင်လိုဏ်လုပ်ငန်း ပြီးစီး သည့်နောက်ပိုင်းတွင် လုပ်ရမည့် တမံ တည်ဆောက်ခြင်းလုပ်ငန်းနှင့် ရေပိုလွှဲ တည်ဆောက်ခြင်း လုပ်ငန်းများကို မိုးမကျမီနှင့် ပွင့်လင်းရာသီတွင် ဆက်လက် လုပ်ဆောင်မည်ဖြစ်သည်။ တမံနှင့် ရေပိုလွှဲတည်ဆောက်ခြင်း လုပ်ငန်းမှာ အခြားသော ရေလှောင်

ပြီးစီးအောင်

ဖြူးချောင်းရေလှောင်တမံ ဘက်စုံ စီမံကိန်းအနေဖြင့် ၂၀၀၆ ခုနှစ် နိုဝင် ဘာလတွင် ဖြူးချောင်းရေကိုလွှဲရန် အသင့်အနေအထားဖြစ်အောင် စီမံ ထားသည်။ ၂၀၀၆ ခုနှစ် ဒီဇင်ဘာလမှ ၂၀၀၇ ခုနှစ် မတ်လအတွင်း ဖြူးချောင်း မှ ရေကို ရေလွှဲဥမင်မှ လွှဲထုတ်ရန်နှင့် ပင်မတမံကို ၂၀၀၈ ခုနှစ် မတ်လ အကုန်တွင် ပြီးစီးအောင် လျာထား ကြောင်း သိရသည်။

တူးမြောင်းမကြီး

ပဲခူးတိုင်း ဖြူးချောင်းရေလှောင် တမံ ဘက်စုံစီမံကိန်းအရ အုတ်တွင်း နှင့် ဖြူးမြို့နယ်အတွင်းရှိ လယ်မြေ ဧက တစ်သိန်းခန့်ကို ရေပေးဝေ စိုက်ပျိုးနိုင်ရန် ရေသောက်စနစ် တူးမြောင်းမကြီး အလျား ၄၁ မိုင်၊ လက်တံမြောင်း အလျားမိုင် ၂၀ တို့ကို တည်ဆောက်မည်ဖြစ်သည်။ ရေအား လျှပ်စစ် မဂ္ဂါဝပ် ၂၀ နှစ်လုံးဖြင့် မဂ္ဂါဝပ် ၄၀ ကို နှစ်စဉ် ပျမ်းမျှကီလိုဝပ်နာရီ ၁၂၁ သန်း ထုတ်လုပ်ပေးခြင်းဖြင့် စိုက်ပျိုးရေး၊ လူမှုရေးနှင့် စီးပွားရေး ကဏ္ဍများတွင် သက်ဆိုင်ရာဒေသများ သာမက နိုင်ငံတော်အတွက်ပါ များစွာ အကျိုးရှိမည့် စီမံကိန်းတစ်ရပ်ဖြစ် ကြောင်း ကွင်းဆင်း လေ့လာဖော်ပြ လိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

ဥရောပချန်ပီယံလိဂ်ဖလား ဘောလုံးပြိုင်ပွဲ ဘာစီလိုနာက အာဆင်နယ်ကိုနိုင်ပြီး ဖိုလ်စွဲ

ဘာစီလိုနာ မေ ၁၈

ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်ကို မေ ၁၇ရက် ညပိုင်းက စပိန်မှ ဘာစီလိုနာအသင်းနှင့် အင်္ဂလန်မှ အာဆင်နယ်အသင်းတို့သည် အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ကြရာ စပိန်ချန်ပီယံဘာစီလိုနာက အာဆင်နယ်ကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရပြီး ဥရောပချန်ပီယံလိဂ်ဖလားကြီးကို လက်ဝယ်ပိုင်ပိုင် ဆွတ်ခူးသွားခဲ့ပြီဖြစ်သည်။

ဘာစီလိုနာအသင်းက ပွဲပြီးရန် ၁၄မိနစ် အလိုတွင် ၁၀ဦးတည်းနှင့် ကစားနေသော အာဆင်နယ်အသင်းကို နှစ်ဂိုးဆက်တိုက်သွင်းပြီး ဖလားဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ဦးဆောင်ဂိုးသွင်း

အာဆင်နယ် ဂိုးသမား ဂျင်းလက်ရှ်မန်း ဆမ်မြူရယ်အီတိုးနှင့် လဲကျသလို ဖြစ်ပြီးနောက် ပြိုင်ပွဲမှ ထွက်ခဲ့ရပြီး ပွဲချိန် ၃၇မိနစ်တွင် ဆိုးလ်ကင်းဘဲလ်က ခေါင်းတိုက် သွင်း၍ အာဆင်နယ်အသင်းအတွက် ဦးဆောင် ဂိုးသွင်းပေးခဲ့သည်။

ဘာစီလိုနာအသင်းအတွက်အီတိုး၏ ဖွေဆော်ဦးဂိုးမသွင်းမီ အာဆင်နယ် တိုက်စစ်မှူး အွန်နရီ နှစ်ကြိမ်ခန့် ဂိုးသွင်းခွင့် လွဲချော်သွားခဲ့သည်။

ဘာစီလိုနာအသင်း နည်းပြက အာဆင်နယ်အသင်းကို ဖြိုခွင်းရန် အတွက် ပွဲပြီးရန် လေးမိနစ်အလိုတွင် နောက်တန်းလူ ဘယ်လက်တီကို လူစားလဲ ကစားခဲ့သည်။

ကာကွယ်လိုက်နိုင်

အွန်နရီသည် ပွဲအစတွင် ခြေစွမ်းပြကစားပြီး ပထမပိုင်းတွင် ဂိုးသွင်းခွင့်နှစ်ကြိမ်ရရှိရန် ဖန်တီးနိုင်ခဲ့သည်။ ၎င်းသည် ဘာစီလိုနာ ဂိုးပေါက်အတွင်း ဘောလုံးကို လှည့်ထုတ်သွင်းရန် ကြိုးစားစဉ် ဘာစီလိုနာ ဂိုးသမား ဗစ်တာ ဗယ်ဒက်ခ် ကာကွယ်လိုက်နိုင်သည်။

ယင်းနောက် ဂိုးဧရိယာအနီးမှ ကန်သွင်းခွင့်ရသော်လည်း ဗယ်ဒက်ခ် တွန်းထုတ် ကာကွယ်လိုက်နိုင်သည်။

ချန်ပီယံလိဂ်ဖလားနှင့်အတူ အောင်ပွဲခံနေသော ဘာစီလိုနာအသင်း။

(ဓာတ်ပုံ–အင်တာနက်)

ပြိုင်ပွဲမှထွက်

အာဆင်နယ်ဂိုးသမား ဂျင်းလက်ရှ်မန်းသည် လူဒိုဗစ်ဂျူလီနှင့် ဒီကိုတို့၏ သွင်းဂိုးများကို ကာကွယ်နိုင်ခဲ့သော်လည်း ပွဲစပြီး ၁၈မိနစ် အကြာတွင် အနီကတ်ပြခံရ၍ ပြိုင်ပွဲမှထွက်သွားရသည်။

၎င်းထွက်သွား၍ အာဆင်နယ်တို့၏ ဖလားရရေး မျှော်လင့်ချက်ကို ဒိုင်လူကြီးက ရိုက်ချိုးလိုက်သလို ဖြစ်သွားရသည်။ နော်ဝေးဒိုင်လူကြီး တာဂျီ ဟူးဂျ်၏ အနီကတ်ကြောင့် အာဆင်နယ်ဂိုးသမား ဂျင်းလက်ရှ်မန်း ထွက်သွားရပြီးနောက် အာဆင်နယ်နည်းပြ အလွန်ဒေါသထွက်နေသည်ကိုလည်း တွေ့ရသည်။

ဂိုးသမား မာနျူရယ်ဒယ်မြူနီယာ အားအစားထိုးရန်အတွက် ရောဘတ်ပီရက်စ်တစ်ယောက် ကံမကောင်းစွာဖြင့် ပြိုင်ပွဲမှထွက်ပေးခဲ့ရပြန်သည်။

စသွင်းနိုင်

ထိုအချိန်မှစ၍ ဘာစီလိုနာတို့ အသာစီးဖြင့် ထိန်းချုပ်ကစားနိုင်ခဲ့သည်။ သို့ရာတွင် အာဆင်နယ်က ပွဲချိန် ၃၇မိနစ်တွင် ဖွေဆော်ဦးဂိုး စသွင်းနိုင်ခဲ့သည်။

အာဆင်နယ်တို့ ကံကောင်းစွာဖြင့် ပူးယော့လ်နှင့် အီတိုးတို့ ဘောလုံးယှဉ်ပြိုင်လုရာမှ အလွတ်တည်ကန်ဘောရခဲ့သည်။ ယင်း အွန်နရီ၏ အလွတ်တည်ကန်ဘောမှ ကင်းဘဲလ် ဂိုးသွင်းနိုင်ခဲ့သည်။

ခုခံကစား

ပထမပိုင်းပြီးသည်အထိ အာဆင်နယ်တို့ တစ်ယောက်အထုတ်ခံထားရသော်လည်း တစ်ဂိုးသွင်းပြီး ဂိုးမပြန်ပေးရရေးအတွက် ခုခံကစားနိုင်ခဲ့သည်။

ဂိုးသွင်းရန် ကြိုးစား

ဘာစီလိုနာအသင်းအတွက် ဂိုး သွင်း ရန် အီတိုး ကြိုးစားစဉ် ဂိုးသမား ဂျင်းလက်ရှ်မန်းကြောင့် လဲကျသွားခဲ့စဉ်။

(ဓာတ်ပုံ–အင်တာနက်)



ဘာစီလိုနာက ဒုတိယပိုင်းတွင် ဒဏ်ရာရနေသော အီမာဆင်ကို အင်နီစတာနှင့် လဲကစားသည်။ အာဆင်နယ် ဂိုးသမား ဒယ်မြူနီယာသည် ၅၁မိနစ်အချိန်အထိ အစွမ်းပြကာကွယ် ဖမ်းယူနိုင်ခဲ့သည်။

ဘာစီလိုနာက ဂိုးရရှိရေးအတွက် ဖိကစားလာသည်။ ဒယ်မြူနီယာသည် ဂျော်နယ်ဒင်ဟို၏ အဝေးမှ ကန်သွင်းချက်ကို ကာကွယ်လိုက်နိုင်သည်။

ကန်ချက်လွဲချော်

သို့ရာတွင် အာဆင်နယ်တို့ ဒုတိယပိုင်းတွင် အန္တရာယ်ဘောလုံးများဖြင့် ရင်ဆိုင်နေရသည်ဟု အာဆင်နယ်တိုက်စစ်မှူး အွန်နရီနှင့် ဖာဖရီဂတ်တို့ အပေးအယူလုပ်ပြီး အလက်ဇန်းဒါးရှလက်ကို ဂိုးသွင်းခွင့် ဖန်တီးပေးသော်လည်း ကန်ချက်လွဲချော်သွားခဲ့သည်။

ရွှန်းဘတ်၏ ဂိုးသွင်းယူကြိုးပမ်းသည်မှာလည်းနောက်တန်းလူ အိုလီရှုယာနှင့် ဂိုးသမား ဗယ်ဒက်စ်တို့ ကာကွယ်နိုင်ခဲ့သည်။

အွန်နရီသည် ပွဲချိန် ၆၉မိနစ်တွင် အာဆင်နယ်အတွက် ဂိုးသွင်းခွင့် နှစ်ကြိမ်ရခဲ့သည်။သို့ရာတွင် ဂိုးသမား ဗယ်ဒက်ခ်လိုမ့်၍ ဘာစီလိုနာ၏ မျှော်လင့်ချက်ကို ကာကွယ်ပေးခဲ့သည်။

ဘာစီလိုနာတို့ ဆက်လက်၍ အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ရာ ပွဲချိန် ၇၆မိနစ်တွင် အီတိုးကလည်းကောင်း၊ ပွဲချိန်မိနစ် ၈၀တွင် လူစားဝင်လာသူ ဘယ်လ်လက်တီကလည်းကောင်း သွင်းယူသွားပြီး ချန်ပီယံလိဂ် ဖလားကြီးကို ဘာစီလိုနာအသင်း လက်ဝယ်ပိုင်ပိုင် ဆွတ်ခူးနိုင်ခဲ့သည်။ ။

(မြန်မာ့အလင်း)

အောင်ပွဲခံ ပျော်မြူး

ချန်ပီယံလိဂ်ဖလားဆွတ်ခူးပြီး အောင်ပွဲခံ ပျော်မြူးနေသော ဘာစီလိုနာအသင်း ကစားသမားများ။ (ဓာတ်ပုံ–အင်တာနက်)

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များထူထောင်မှု ဝိုင်းဝန်းကူညီဆောင်ရွက်စို့

၂၀၀၆ ခုနှစ်၊ မေလ ၁၇ ရက်နေ့အထိ နိုင်ငံအဝန်းတွင် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် (၅၄၁၇၇) တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးလက်နေပြည်သူအများ ပညာဗဟုသုတတိုးပွားစေရန် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခရိုင်၊မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ကြပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန။

ဧပြီလအတွင်း မူးယစ်ဆေးဝါးအမှုပေါင်း ၂၀၃ မှု ဖမ်းဆီးနိုင်ခဲ့

ရန်ကုန် မေ ၁၈

၂၀၀၆ခုနှစ် ဧပြီလတွင် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကောက်အခွန်ဦးစီးဌာနတို့သည် မူးယစ်ဆေးဝါးအမှုပေါင်း ၂၀၃ မှု ဖမ်းဆီးနိုင်ခဲ့သည်။ ယင်းသို့ ဖမ်းဆီးခဲ့ရာတွင် ဘိန်း၃၅မှု အလေးချိန် ၇၅ ဒသမ ၁၅၉ ကီလို၊ ဘိန်းဖြူ ၇၄မှု အလေးချိန် ၁၁ ဒသမ၄၆၃၃ ကီလို၊ ဘိန်းဆီခြောက်မှု အလေးချိန် ၄ဒသမ ၉၈၄၆ ကီလို၊ အဆင့်နိမ့်ဘိန်း ၁၅မှု အလေးချိန် ၁ ဒသမ ၆၄၈ ကီလို၊ ဆေးခြောက် ၁၇မှု အလေးချိန် ၁ဒသမ ၉၀၄၃ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၃၇မှု ဆေးပြား ၁၀၃၂၄ပြား၊ အက်ဖီဒရင်း နှစ်မှု အလေးချိန် ၃၉၅ဒသမ ၀၄၉၆ ကီလို၊ စိတ်ကြွရူးသွပ်ဆေးမှုန့် ၁တစ်မှု အလေးချိန် ဒသမ ၀၀၇၈ ကီလို၊ ဘိန်းစာမှုန့် ရှစ်မှု အလေးချိန် ၈ဒသမ ၀၆ ကီလို၊ ဓာတုဆေးရည် နှစ်မှု ပမာဏ ၁၅၂၈ ဒသမ ၉၆၅ လစ်တာ၊ ဓာတုဆေးမှုန့် အလေးချိန် ၄၇ ဒသမ ၅ ကီလို၊ မှတ်ပုံတင်ပျက်တစ်မှု အခြားအမှု ငါးမှု ဖမ်းဆီးရမိခဲ့သည်။

အရေးယူခဲ့

ဧပြီလအတွင်း မူးယစ်ဆေးဝါး အမှုပေါင်း ၂၀၃ မှု ဖမ်းဆီးခဲ့ရာ တွင် တရားခံ အမျိုးသား ၂၆၇ ဦး၊ တရားခံ အမျိုးသမီး ၅၄ ဦး စုစုပေါင်း တရားခံ ၃၂၁ ဦးတို့အား ဥပဒေအရ အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မုံရွာမြို့နယ်၊ ထားဝယ်မြို့နယ်နှင့်စမ်းချောင်းမြို့နယ်တို့၌ မီးလောင်မှုဖြစ်ပွား

ရန်ကုန် မေ ၁၈

စစ်ကိုင်းတိုင်း မုံရွာမြို့နယ် ပန်းတောက်ကုန်းရပ်ကွက် မြောက်ဘက်လမ်းသွယ်နေ ဦးသန်းဝင်း၏ နေအိမ်၌ မေ ၁၆ရက် ည ၁၀နာရီမိနစ်၅၀တွင် မီးဖို မီးကြွင်းမီးကျန်မှ စတင်၍ မီးလောင်မှုဖြစ်ပွားရာ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်ပြည်သူများ စုပေါင်းငြိမ်းသတ်ခဲ့သည်။ မီးလောင်မှုကြောင့် အိမ်နှစ်လုံး မီးလောင်ဆုံးရှုံးသွားသည်။

စုပေါင်းငြိမ်းသတ်

တနင်္သာရီတိုင်း ထားဝယ်မြို့နယ် ဒေါင်းငူတံငါရပ်ကွက်၊ ညောင်ပင်ကြီးလမ်းသွယ်သစ် အိမ်အမှတ် ၃၇၅နေ ဦးစိုးသိန်း၏ နေအိမ်၌ မေ ၁၇ ရက် နံနက် ၁နာရီခန့်တွင် ဖယောင်းတိုင် မီးထွန်းထားရာမှ ဝါးထရံသို့ မီးကူးစက်လောင်ကျွမ်းရာ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက် ပြည်သူများ စုပေါင်း ငြိမ်းသတ်ခဲ့သည်။ မီးလောင်မှုကြောင့် အိမ်တစ်လုံးမီးလောင်ဆုံးရှုံးသွားသည်။

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း(တောင်)ရပ်ကွက်၊ ရတနာလမ်းနှင့် ပန်းခြံလမ်းထောင့်ရှိ ဆိုင်ခန်းအမှတ် (၄) ဆိုင်ရှင် မောင်လှ (ခ) ဆူပန်ဟာမက်၏ မုန့်မျိုးစုံဆိုင်၌ မေ ၁၇ရက်နံနက် ၃နာရီတွင် ဝါယာရှော့ဖြစ်ရာမှ မီးလောင်မှု ဖြစ်ပွားရာ မုန့်မျိုးစုံနှင့် မျက်နှာကြက်အနည်းငယ် မီးလောင်ဆုံးရှုံးသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြား အစီအစဉ်

၁၉–၅–၂၀၀၆
(သောကြာနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	တေးဂီတအစီအစဉ်
၇း၁၀	ဆရာဦးမြင့်လွင် (သန့်–တည်–ပွား)ဟောပြောဆွေးနွေးသော **“အပါယ်ပိတ်တရား”** (အပိုင်း–၃) (လူဘဝ ရခဲခြင်းနှင့် သံသရာရှည်လှပုံ)
၇း၂၅	တေးဂီတအစီအစဉ်
၇း၃၀	ဂန္ထဝင်တေးသံရှင် မောင်မောင်ကြီး၏ (၇၅)နှစ်ပြည့် စိန်ရတုမွေးနေ့မင်္ဂလာညွှ့ခံပွဲ
၇း၄၀	ပြည်တွင်းသတင်းအကျဉ်း
၇း၅၀	တေးဂီတအစီအစဉ်
၇း၅၅	ဈေးနှုန်းတွက်တာ တစ်ပတ်စာ
၈း၁၅	တေးဂီတအစီအစဉ်
၈း၂၀	သာစုခေါ်စေသောဝ် အလင်းအလှူတော်
၈း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၈း၄၅	သံလွင်တံတား (တာပါး)
၈း၅၀	တေးဂီတအစီအစဉ်
၈း၅၅	ပြည်သူ့အတွက်ကျန်းမာရေး (ပိုးလေးဖက်နာရောဂါ မေးမြန်းခန်း)
၉း၁၀	မိုးလေဝသခန့်မှန်းချက်
၉း၁၅	ကျန်းမာရွှင်လန်းယောဂ လေ့ကျင့်ခန်း (အပိုင်း–၂)
၁၀း၀၀	တေးဂီတအစီအစဉ်
၁၀း၀၅	တစ်ကွင်း တစ်စပ် မြစ်ရေတင် လုပ်ငန်းများ
၁၀း၁၅	တေးဂီတအစီအစဉ်
၁၀း၂၀	ပြည်တွင်းသတင်းအကျဉ်း
၁၀း၃၀	ပုံမှန်အသက်ထက်ကျော်လွန်ပြီး အခြေခံပညာမူလတန်း အဆင့်သို့ ဝင်ရောက်လာသည့် ကလေးများအား အထူးသင်ကြားခြင်း
၁၀း၅၀	တေးဂီတအစီအစဉ်
၁၀း၅၅	Myanmar Video Rhythm
၁၁း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၅၀	ချစ်သောမြေ၊ ချစ်သောရေ (ရာဇာနေဝင်း၊ ခိုင်နှင်းဝေ)
၁၁း၅၅	တေးဂီတအစီအစဉ်
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

မျှော်လင့်စောင့်စား ဂျာမနီကမ္ဘာ့ဖလား အာဖရိကမှတိုဂိုအသင်း၏ ရပ်တည်မှုအနေအထား

ကမ္ဘာတစ်လွှား အားကစား

ပြုစုရေးသားသူ

မြင့်မောင်စိုး

တိုဂို မေ ၁၈

၂၀၀၆ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲကို မကြာမီ ကျင်းပတော့မည်ဖြစ်ရာ ကမ္ဘာ့ဖလားဘောလုံးဝါသနာရှင်များ အနေဖြင့် လှုပ်လှုပ်ရွရွဖြင့် အထူး စိတ်ဝင်စားလျက်ရှိသည်။ ကမ္ဘာ့ဖလား ခြေစစ်ပွဲအောင် အသင်း ၃၂ သင်းရှိရာတွင် အုပ်စု(ဂျီ)မှ တိုဂိုအသင်း၏ ခြေစစ်ပွဲအောင်ရန် ကြိုးပမ်းခဲ့မှုများကို Yangon Entertainment Ltd. မှ ရရှိသော သတင်းအချက်အလက်များကို ကိုးကား၍ ဆက်လက်ရေးသားဖော်ပြလိုက်ပါသည်။

တိုဂို တိုက်စစ်မှူး

တိုဂိုအသင်း မှ အားထား ရသော တိုက်စစ်မှူး ရှရီး အင်မန်နူရယ်အဒီဘာယော။

(ဓာတ်ပုံ-အင်တာနက်)

တိုဂို လက်ရွေးစင် ဘောလုံးအသင်း။ (ဓာတ်ပုံ-အင်တာနက်)

တိုဂိုအသင်းသည် နိုင်ငံ၏ အားကစားဂုဏ်ကို မြှင့်တင်ရင်း ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲတွင် ပထမဆုံးအကြိမ် ပါဝင်ယှဉ်ပြိုင်ခွင့် ရရှိခဲ့သည်။

အပြောင်းအလဲတစ်ခု

တိုဂိုအသင်းသည် နိုင်ငံ၏ ဘောလုံးအားကစားဂုဏ်ကို မြှင့်တင်ရင်း ပထမဦးဆုံးအကြိမ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပါဝင်ခွင့်ရခဲ့သည်။ တိုဂိုအသင်းခြေစစ်ပွဲ အောင်ခဲ့ခြင်းသည် အာဖရိကတိုက်ကြီး၏ ဘောလုံးချိန်ခွင်လျှာ အပြောင်းအလဲတစ်ခုလည်း ဖြစ်လာသည်။

တိုဂိုအသင်းသည် လွန်ခဲ့သောနှစ်အနည်းငယ်ကတည်းက တိုးတက်မှုရှိလာသည့် အသင်းတစ်သင်းလည်း ဖြစ်သည်။ လက်ရှိအချိန်မှာ သူတို့အသင်း ဘယ်အထိတိုးတက်ခဲ့သည်ဆိုသည်ကို သက်သေပြနိုင်ခဲ့သလိုအသင်းမှ ကစားသမားများကိုလည်း စိန်ခေါ်မှုအသစ်တွေက စောင့်ကြိုနေသည်။

အသင်းရခဲ့သောအောင်မြင်မှုသည် တိုက်စစ်မှူး အဒီဘာယောနှင့် နိုင်ဂျီရီးယားမှာ မွေးသော အသင်းနည်းပြကြီး စတီဖင်ကာရှိကြောင့် ဆိုလည်း မမှားပါဘူး။ ခြေစစ်ပွဲတစ်လျှောက်လုံး ရှစ်ဂိုးသာပေးခဲ့ရသော အသင်းနောက်တန်းလည်း အာဖရိက၏ အကောင်းဆုံး နောက်တန်းတစ်ခုဖြစ်သည်။

ရလဒ်ကောင်းဖို့

ဂျာမနီမြေမှာ တိုဂိုတို့ ရလဒ်ကောင်းဖို့အတွက်ဆိုလျှင် ကံကောင်းရန်လည်း လိုပါသည်။ သို့ရာတွင် ကမ္ဘာ့ဖလားဆိုတာက ဘာမဆို ဖြစ်သွားနိုင်သည့် ပြိုင်ပွဲမျိုး ဖြစ်သည်။ ထို့ကြောင့် အာဖရိက သိမ်းငှက်တွေ အနေဖြင့် ဘယ်လောက်မြင့်မြင့် ပျံနိုင်မလဲဆိုသည်ကို စောင့်ကြည့်ရဦးမည် ဖြစ်သည်။

ရှရီး အင်မန်နူရယ် အဒီဘာယောသည် သံသယဖြစ်ဖွယ်မရှိသော တိုဂိုကစားသမားကောင်း တစ်ယောက်ဖြစ်သည်။ ဂိုးရှေ့က သူ၏ကစားပုံသည် သိမ်းငှက်(တိုဂို)တွေကို ၂၀၀၆ ကမ္ဘာ့ဖလားဆီ ခေါ်သွားခဲ့သည်။

အဆုံးသတ်သေချာ

အရပ် ၁ဒသမ ၉ မီတာ ရှည်ပြီး မိုနာကိုအသင်းမှာရှိစဉ်ကတည်းက အသင်း၏ တိုက်စစ်အတွက် အားထားရသူဖြစ်သလို တစ်သင်းလုံးဖြင့် ဟန်ချက်ညီညီ ကစားနိုင်ပြီး ဂိုးရှေ့မှာ အထူး သတိထားရတဲ့ အဆုံးသတ်သေချာသူ တစ်ယောက်လည်း ဖြစ်သည်။

တိုဂို အသင်းနည်းပြ စတီဖင်ကာရှိ။

(ဓာတ်ပုံ-အင်တာနက်)

အရောက်ပို့ခဲ့

ခြေစစ်ပွဲတစ်လျှောက် ၎င်းသွင်းယူပေးခဲ့သောဂိုးသည် ၁၀ဂိုးရှိခဲ့သည်။ တိုဂိုအတွက် အရေးကြီးသော ဂိုးကိုတော့ ကွန်ဂိုကို ၃-၁ ဖြင့် နိုင်သောပွဲမှာ သွင်းယူခဲ့ပြီး တိုဂိုအသင်းကို ၂၀၀၆ ကမ္ဘာ့ဖလား အရောက်ပို့ခဲ့သူလည်း ဖြစ်ပေသည်။

ရှိသမျှစွမ်းရည်

ဘောလုံး စွမ်းရည် ပြည့်ဝပြီး အကွက်မြင်တတ်သောသူသည် ဘယ်နောက်တန်းကိုမဆို အကောင်းဆုံး ဒုက္ခပေးနိုင်သူဖြစ်သည်။ ယခုထက်ထင်ရှားချင်တယ် ဆိုလျှင်မူ ဂျာမနီမှာ သူ့အနေဖြင့် ရှိသမျှစွမ်းရည်တွေကို တိုဂိုအသင်းနှင့်အတူ ထုတ်ပြလိမ့်မည်ဟု မျှော်လင့်ရသည်။

တိုဂိုအသင်းသည် ကမ္ဘာ့ဖလား အုပ်စုဂျီတွင် ပါဝင်ပြီး ပြင်သစ်၊ ဆွစ်ဇာလန်နှင့် တောင်ကိုရီးယား အသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။ ။

(မြန်မာ့အလင်း)

သက်တမ်းအလိုက် လူငယ်တံခွန်စိုက်စစ်တုရင်ပြိုင်ပွဲ ဆုချီးမြှင့်

ရန်ကုန် မေ ၁၈

အဋ္ဌမအကြိမ်မြောက် အမျိုးသမီးတံခွန်စိုက် စစ်တုရင်ပြိုင်ပွဲနှင့်သက်တမ်းအလိုက် လူငယ်တံခွန်စိုက် စစ်တုရင်ပြိုင်ပွဲဆုချီးမြှင့်ပွဲကို မေ ၁၆ရက် မွန်းလွဲ ၂ နာရီက အောင်ဆန်းအားကစားပြိုင်ဝင်းအထူးတန်းရှိ ကရာတေးဒို အဖွဲ့ချုပ်လေ့ကျင့်ရေးခန်းမတွင်ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ် ကော်မတီအထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးသောင်းထိုက် တက်ရောက်အားပေး၍ ဆုချီးမြှင့်သည်။

သုံးကြိမ်မြောက်ဗိုလ်စွဲ

အမျိုးသမီးတံခွန်စိုက် စစ်တုရင်ပြိုင်ပွဲတွင် ပထမဇင်မာမင်းသန်း(ပုဇွန်တောင်မြို့နယ်)၊ ဒုတိယ နမ်းအမ်ကေခိုင်လျှမ်း(မန္တလေးတိုင်း)၊ တတိယ မေဆက်လွင် (ရန်ကုန်တိုင်း)က ရရှိသွားသည်။ ပထမဆုရ ဇင်မာမင်းသန်းသည် ခုနစ်ပွဲကစား ခြောက်ပွဲနိုင်၊ တစ်ပွဲသရေ ခြောက်မှတ်ခွဲဖြင့် ရှုံးပွဲမရှိ စံချိန်တင်ပြီး ဗိုလ်စွဲသွားခြင်းဖြစ်သည်။ သူမသည် ယခု တစ်ကြိမ်အပါအဝင် သုံးကြိမ်မြောက် ဗိုလ်စွဲနိုင်ခြင်းဖြစ်သည်။

အသက်(၂၀)အောက်ပြိုင်ပွဲ

အမျိုးသား အသက်(၂၀)အောက်ပြိုင်ပွဲတွင် ပထမ ထန်ထန် (ရန်ကုန်တိုင်း)၊ ဒုတိယ ရဲလင်းအောင် (မန္တလေးတိုင်း)၊ တတိယ မင်းသိုက်ထွန်း(ရန်ကုန်တိုင်း)တို့ရရှိသွားသည်။ ဆုများကို မြန်မာနိုင်ငံစစ်တုရင် အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမောင်မောင်လွင်က ပေးအပ်ချီးမြှင့်သည်။

အမျိုးသားအသက် ၁၈နှစ်နှင့်အောက်ပြိုင်ပွဲတွင် ပထမ ဟိန်းမြင့်မြတ်ကျော် (ရန်ကုန်တိုင်း)၊ ဒုတိယ အောင်မင်းစိုး(ဧရာဝတီတိုင်း)၊တတိယ သီဟဇော်(ရန်ကုန်တိုင်း)တို့ ရရှိသွားသည်။ ဆုများကို မြန်မာနိုင်ငံစစ်တုရင် အဖွဲ့ချုပ် အမှုဆောင် ဦးဖြိုးအောင်ကြည်က ပေးအပ်ချီးမြှင့်သည်။

အမျိုးသားအသက် ၁၆နှစ်နှင့် အောက်ပြိုင်ပွဲတွင် ပထမ အောင်ဘိုဘို (ရန်ကုန်တိုင်း)၊ ဒုတိယ ဇေယျာထွန်း (ရန်ကုန်တိုင်း)၊ တတိယ ရန်နိုင်အေး (ရန်ကုန်တိုင်း)တို့ ရရှိသွားသည်။ ပထမရရှိသွားသော အောင်ဘိုဘိုသည် ခုနစ်ပွဲကစား၊ ငါးပွဲနိုင်၊ နှစ်ပွဲသရေ ခြောက်မှတ်ဖြင့် ဗိုလ်စွဲသွားခြင်းဖြစ်သည်။ သူသည် ယခုပွဲအပါအဝင် သုံးကြိမ်မြောက် ဗိုလ်စွဲနိုင်ခြင်း ဖြစ်သည်။ ဆုများကို မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်အတွင်းရေးမှူး ဦးသိန်းဒန်က ပေးအပ်ချီးမြှင့်သည်။

အမျိုးသား အသက် ၁၄နှစ်နှင့် အောက်ပြိုင်ပွဲတွင် ပထမအောင်ပြည့်ဖြိုးဇော်(မန္တလေးတိုင်း)၊ ဒုတိယ ဝင်းထွန်းထွေး(ရန်ကုန်တိုင်း)၊ တတိယ ခိုင်မျိုးဦး(ရန်ကုန်တိုင်း)တို့ ရရှိကြသည်။ ပထမရရှိသွားသော အောင်ပြည့်ဖြိုးဇော်သည် ခုနစ်ပွဲကစားသုံးပွဲနိုင်၊ နှစ်ပွဲသရေ၊ နှစ်ပွဲရှုံးဖြင့် ဗိုလ်စွဲသွားခြင်း ဖြစ်သည်။ ဆုများကို မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးထွန်းထွန်းက ပေးအပ်ချီးမြှင့်သည်။

အလွတ်တန်းပြိုင်ပွဲ

အသက် ၁၂နှစ်အောက် လူငယ်အလွတ်တန်း စစ်တုရင်ပြိုင်ပွဲတွင် ပထမ မောင်ဖြိုးအောင်ကျော်(မန္တလေးတိုင်း)၊ ဒုတိယ မောင်ဖြိုးစည်သူ (ရန်ကုန်တိုင်း)၊ တတိယ မသန်းထိုက်စံ (မန္တလေးတိုင်း)၊ အထူးဆု(၁) အောင်ခိုင်ဖြိုး (မန္တလေးတိုင်း)၊ အထူးဆု(၂) သုတဦး (United Sanchaung Chess Club)တို့က အသီးသီးရရှိကြသည်။ ပထမရရှိသွားသော ဖြိုးအောင်ကျော်သည် ခုနစ်ပွဲကစား ခြောက်ပွဲနိုင်၊ တစ်ပွဲရှုံး ခြောက်မှတ်ဖြင့် ဗိုလ်စွဲသွားခြင်းဖြစ်သည်။

ပေးအပ်ချီးမြှင့်

အမျိုးသမီး ၁၂နှစ်အောက် ပြိုင်ပွဲတွင် ပထမ မသန်းထိုက်စံ(မန္တလေးတိုင်း)၊ ဒုတိယ မလင်းထက်ထက်ဦး (United Sanchaung Chess Club)၊တတိယမစမ်းလဲ့ဝေ(United Sanchaung Chess Club)၊ အထူးဆု(၁) မပြေပြီထွန်း(ရန်ကုန်တိုင်း)နှင့် အထူးဆု(၂)မဝတ်ရည်ပွင့်ဦး(United Sanchaung Chess Club)တို့က အသီးသီးရရှိကြသည်။ ပထမရရှိသွားသော မသန်းထိုက်စံသည်ခုနစ်ပွဲကစား ငါးပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးဖြင့် ငါးမှတ်ခွဲရရှိကာ ဗိုလ်စွဲသွားခြင်းဖြစ်သည်။ **(မြန်မာ့အလင်း)**

မြန်မာဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့်အဖွဲ့ ဂျပန်သို့ထွက်ခွာ နှစ်နိုင်ငံဂျူဒိုရေး့လုပ်ငန်းစဉ်များ ဆွေးနွေးကြမည်

ရန်ကုန် မေ ၁၈

မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်အနေဖြင့် အပြည်ပြည်ဆိုင်ရာ ဂျူဒိုပြိုင်ပွဲများတွင် ရွှေတံဆိပ်များဆွတ်ခူးရရှိရေးအတွက် ရည်ရွယ်လျက် ဂျပန်နိုင်ငံ ရိုကိုဒိုကျန် ဂျူဒိုကျောင်းမှ ဂျပန်နိုင်ငံလုံးဆိုင်ရာ ဂျူဒိုအဖွဲ့ချုပ်မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် မေ၁၇ရက်မှ၂၄ရက်အထိ ရှေ့လုပ်ငန်းစဉ်များ ဆွေးနွေးညှိနှိုင်းရန် မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းထွန်း ခေါင်းဆောင်သော မြန်မာနိုင်ငံဂျူဒို အဖွဲ့ချုပ်မှ အဖွဲ့ဝင်လေးဦးတို့ပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယမန် နေ့တွင် ရန်ကုန်မြို့မှ ဂျပန်နိုင်ငံသို့ ထွက်ခွာသွားကြသည်။

မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်ကိုယ်စားလှယ်အဖွဲ့အား မြန်မာနိုင်ငံအိုလံပစ် ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အောက်ပုံ)**

မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်ကိုယ်စားလှယ်အဖွဲ့တွင် မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌဦးအေးကြည်၊ နည်းပြချုပ် ဦးသန်းမောင်နှင့် အမှုဆောင် ဦးအောင်မျိုးရှိန်တို့ လိုက်ပါသွားကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နှစ် ၆၀ ပြည့် မီးသတ်တပ်ဖွဲ့နေ့အထိမ်းအမှတ် မန္တလေး၌ တပ်ဖွဲ့ဝင် ၁၀၄ ဦး စုပေါင်းသွေးလှူဒါန်းကြ

မန္တလေး မေ ၈

နှစ်(၆၀)ပြည့် မီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ် မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်းပွဲကို မေ ၁ရက် နံနက် ၈ နာရီက ၂၉လမ်း တိုင်းမီးသတ် ဦးစီးဌာနတွင် ကျင်းပသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ တိုင်းမီးသတ်ဦးစီးဌာန ဦးစီးမှူး ရဲကျော်စွာဝင်းမြင့်က နှစ်(၆၀) ပြည့် မီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ်သွေးလှူဒါန်းရခြင်းအကြောင်းကို ရှင်းပြပြီး သွေးလှူဘဏ်တာဝန်ခံ ဒေါက်တာဒေါ်ခင်စိန်ဝင်းက သွေးလှူဒါန်းရခြင်းအကျိုးကျေးဇူးကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မီးသတ်တပ်ဖွဲ့ဝင် ၁၀၄ဦးတို့က သွေးများလှူဒါန်းမှုကို တိုင်းမီးသတ်ဦးစီးဌာန ဦးစီးမှူး ရဲကျော်စွာဝင်းမြင့်နှင့် သွေးလှူဘဏ်တာဝန်ခံ ဒေါက်တာဒေါ်ခင်စိန်ဝင်းတို့က ကြည့်ရှုအားပေးကြသည်။ **(အောက်ပုံ)**

ပြန်လည်ပေးအပ်

ဆက်လက်၍ တိုင်းဦးစီးမှူးက သွေး ၁၀၄ပုလင်းကို သွေးလှူဘဏ်တာဝန်ခံသို့ ပေးအပ်ရာ သွေးလှူဘဏ်တာဝန်ခံက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်ကြောင်း သိရသည်။

(၁၆၂)

ကျေးရွာစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေး အလုပ်ရုံဆွေးနွေးပွဲ ဝမ်းတွင်း၌ ကျင်းပ

ဝမ်းတွင်း မေ ၇

မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက မြို့နယ်အတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးအတွက် အလုပ်ရုံဆွေးနွေးပွဲကို ဧပြီ ၂၂ ရက်က ကျောင်းကုန်းကျေးရွာအခြေခံပညာ အထက်တန်းကျောင်းခွဲ၌ ကျင်းပသည်။

ရှင်းလင်းဆွေးနွေး

အခမ်းအနားတွင် ကျေးရွာအုပ်စု ၁၄ စုမှ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ နှင့်အဖွဲ့ဝင်များ၊ စာကြည့်တိုက်ကော်မတီဝင်များနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များကို မြို့နယ်ပြန်ကြားရေး နှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးလှခိုင်က စာကြည့်တိုက်များ ရှင်သန် ဖွံ့ဖြိုးရေးနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး ခတ်ပုံကျွမ်းကျင်(၂)ဦးဌေးလှိုင်က စာကြည့်တိုက်ပညာရပ်များအကြောင်းကို ရှင်းလင်းဆွေးနွေးကြောင်း သိရသည်။ **(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

ခြံစည်းရိုးကြက်ဆူစိုက်ကွက်၌ ပေါင်းမြက်များရှင်းလင်း

ညောင်ဦး မေ ၁၂

နှစ်(၆၀)ပြည့် မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် မေ ၅ရက် နံနက်က ညောင်ဦးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး တေဇ ကြီးကြပ်၍ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးယဉ်ကျော့နှင့် အရန်မီးသတ်တပ်ဖွဲ့ ဒုတိယတပ်ရင်းမှူး ဦးခင်မောင်ကျော်တို့ ခေါင်းဆောင်ကာ တပ်ဖွဲ့ဝင်အင်အား ၁၅၀တို့ဖြင့် ညောင်ဦးလေဆိပ်အနီး မြေ၁၀ဧကရှိ ခြံစည်းရိုးကြက်ဆူစိုက်ကွက်များတွင် ပေါင်းမြက်များရှင်းလင်း၍ တပျော်တပါးစိုက်ပျိုးကြသည်။

(၃၀၀)

အမြို့မြို့ အနယ်နယ် သတင်းများ

ရေဦး အမှောင်ခွင်းစာကြည့်တိုက် ရှင်သန်ဖွံ့ဖြိုးရေး သုတရသ စာအုပ်၊ မဂ္ဂဇင်းမျိုးစုံ လှူဒါန်း၊ စာပေဟောပြော

မုံရွာ မေ ၄

စစ်ကိုင်းတိုင်း ရေဦးမြို့နယ် ကန်ပေါက်ကျေးရွာ အမှောင်ခွင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ရှင်သန်ဖွံ့ဖြိုးတိုးတက်မှုကို စစ်ဆေးခြင်းနှင့် စာပေဟောပြောပွဲကျင်းပခြင်းကို မေ ၁ရက် ညနေ ၆ နာရီက ကန်ပေါက်ကျေးရွာ အမှောင်ခွင်းကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်တွင် ကျင်းပသည်။

ပေးအပ်

အခမ်းအနားတွင် စစ်ကိုင်းတိုင်းပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်သန်းဝင်းသည် မြို့နယ်ဦးစီးမှူး ဦးမြင့်သိန်းနှင့် အတူ ကန်ပေါက်ကျေးရွာ အမှောင်ခွင်းကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အဆောက်အအုံတွင် နေ့စဉ်စာကြည့်တိုက် ဖွင့်လှစ်ပေးလျက်ရှိရာ ကျေးရွာပြည်သူများ စာပေလေ့လာဖတ်ရှုနေမှုကို ကြည့်ရှုစစ်ဆေးပြီး သုတ ရသ စာအုပ်မျိုးစုံ ၅၀ ကို ပေးအပ်လှူဒါန်းသည်။

ဟောပြော

အဆိုပါ စာကြည့်တိုက်ကို ကျေးရွာပြည်သူများက ပူးပေါင်းတည်ဆောက်ခဲ့ကြပြီး ယခုအခါ သုတ၊ ရသ၊ မဂ္ဂဇင်းစာအုပ်ပေါင်း ၃၅၀၀ ကျော် စင်တင်ထားရှိရာ လစဉ်အလှူရှင် ၂၅ဦးက ပညာဒါနကုသိုလ်ဖြစ်လှူဒါန်းကာ ညပိုင်းတွင် စာပေဟောပြောပွဲကျင်းပရာ စာရေးဆရာများဖြစ်ကြသည့် ညွှန့်လှိုင်းချစ်(ဘုတလင်)၊ ပန်းချီဖေသိန်းဦး(မုံရွာ)နှင့် တင်သန်းဝင်း(ပြန်/ဆက်)တို့က စာပေရေးရာများကို ဟောပြောကြသည်။ **(တိုင်း ပြန်/ဆက်)**

မိုင်းဆတ်မြို့၌ ကြက်ဆူပင်များစိုက်ပျိုး

မိုင်းဆတ် မေ ၁၀

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးဝင်းအတွင်း ကြက်ဆူပင်များစိုက်ပျိုးရန် ပေါင်းမြက်များရှင်းလင်းခြင်း၊ လေးပေခြား သုံးပင်တန်းစိုက်ရန်ပန္နက်ရိုက်ခြင်းများ ဆောင်ရွက်ပြီး မြေချစိုက်ပျိုးခြင်းကို မေ ၁၅ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ ဦးတင့်ဝေက ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ **(အပေါ်ပုံ)** **(မြို့နယ်စည်ပင်)**

တိုးတက်ရေးစာပေရိပ်သာ စာကြည့်တိုက် နှစ်ပတ်လည်နေ့အခမ်းအနား တောင်တွင်းကြီး၌ကျင်းပ

တောင်တွင်းကြီး မေ ၁၆

တောင်တွင်းကြီးမြို့နယ် ညောင်ပင်လှရွာ တိုးတက်ရေးစာပေရိပ်သာ စာကြည့်တိုက်နှစ်ပတ်လည်နေ့ အခမ်းအနားကို မေ ၁၃ ရက် ညနေ ၃ နာရီက အဆိုပါ စာကြည့်တိုက် အဆောက်အအုံ၌ ကျင်းပသည်။

လှူဒါန်း

အခမ်းအနားတွင် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူးဦးသန်းစိုးက စာကြည့်တိုက် ရေရှည်တည်တံ့ရေးကိုလည်းကောင်း၊ စာကြည့်တိုက်နာယကဦးရာတင်က စာကြည့်တိုက် ပေါ်ပေါက်လာပုံကို လည်းကောင်း ဟောပြောကြပြီး တိုးတက်ရေးစာပေရိပ်သာ စာကြည့်တိုက်အတွက် သုတ ရသ စာအုပ် ၅၀ ကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးသန်းစိုးက စာကြည့်တိုက်မှူး ဦးမြသောင်းသို့ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကျောက်တံခါး မြို့နယ် အမျိုးသမီးရေးရာဖွဲ့က အမျိုးသမီးငယ်ရွယ်များအား ပညာပေးဟောပြောပွဲကို မေ ၁၀ ရက်က မြို့နယ်ပြန် ကြား ရေးနှင့် ပြည်သူ့ဆက် ဆံ ရေး ဦးစီး ဌာနရုံး၌ ကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌဒေါ်စန်းစန်းမိုးက အမှာစကားပြောကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

ကာမိုင်းမြို့၌ မီးသတ်သင်တန်းဆင်း

ကာမိုင်း မေ ၁၂

ကချင်ပြည်နယ် ကာမိုင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော နွေရာသီအခြေခံ မီးသတ်သင်တန်း (၁/၂၀၀၆) ဆင်းပွဲ အခမ်းအနားကို မေ ၅ ရက် မွန်းတည့် ၁၂ နာရီက ကာမိုင်းမြို့ မြစိမ်းရောင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးလှမျိုးထွန်းက သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်း စံပြဆု၊ စစ်ရေးပြထူးချွန်ဆုများနှင့် သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ကြောင်းသိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြန်မာ့အသံ နားဆင်ဖွယ်

၁၃၆၈ခုနှစ် ကဆုန်လပြည့်ကျော် ၉ ရက်
၂၀–၅–၂၀၀၆ (စနေနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ဓဇဂ္ဂသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၀၉:၃၀ တူယှဉ်သီကြွေး စုံတွဲတေး
(၁) ချစ်တာသေချာတယ်
(၂) အချစ်ဆုံး
(၃) အလိုအပ်ဆုံးအရာ
၀၉:၄၅ အာဆီယံအစီအစဉ်
၁၁:၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး (တန်ဖိုးမြင့်ထုတ်ကုန်နှံ့ထွက်ပစ္စည်းလုပ်ငန်း)
၁၁:၃၅ ရေဒီယိုမဂ္ဂဇင်း
(၁) ချစ်ရာရောက်ပါစေ (ခေါင်းကြီး)
(၂) ချစ်တတ်ပါ (ဆောင်းပါးသရုပ်ဖော်)
၁၂:၀၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းများ
၁၂:၁၀ နေ့စဉ်သုံး အီဒီယမ် (ဆရာဦးသိန်းလွင်)

ညနေပိုင်း

၁၇:၀၀ အဆို၊ အက၊ အရေး၊ အတီး ဆုရအစီအစဉ် (ကချင်ပြည်နယ်မှ မောင်သီဟကျော်နှင့် မန္တလေးတိုင်းမှ မောင်လှမျိုးကျော်တို့၏ ခေတ်ဟောင်းကာလပေါ်တေး)
၁၇:၁၅ ခေတ်ဟောင်းတေး
(၁) မာလာရုံ (မော်လမြိုင် မြသန်းကြည်)
(၂) ချစ်ပါရမီ (ခင်မောင်ရင်၊ မေမေဝင်း)
(၃) ချစ်ငွေရောင် (ကိုညွန့်မောင်)
၁၇:၃၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းများ
၁၇:၄၅ ကျန်းမာကြံ့ခိုင်တို့မဏ္ဍိုင် (ဆယ်ကျော်သက်နှင့် အဝလွန်ပြဿနာ) (နေမောင်)
၁၈:၄၅ လှပသာယာ အိမ်ဂေဟာ (အီလက်ထရွန်နစ် ပစ္စည်းများနှင့် ပြည်စုံစေရာ)
၁၉:၁၅ မေတ္တာလက်ဆောင်ရ တေးစီးရီး (မာစတာတေးထုတ်လုပ်ရေးမှ မေတ္တာလက်ဆောင်ပေးပို့သည့် မာစတာလက်ရွေးစင် တေးစီးရီး)
၂၀:၃၀ တေးသံစုံ (မြန်မာ့အသံ ခေတ်ပေါ်တေးဂီတ)
၂၀:၄၅ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) စမ်းချောင်းလေးဘဝ ခဏဖြစ်ချင်တယ်
(၂) ရွက်စိမ်း
(၃) မရွှေစိမ်းက မြေလျှိုးမိုးပျံ

ကျောက်တော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၅-၂၀၀၆ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သော ကမ်းနားလမ်းအပိုင်း(၂) ကတ္တရာ ထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းပြီးစီးမှု အခြေအနေကို မတ် ၄ ရက်က ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူးဦးအုန်းသွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

ကဆုန်ညောင်ရေသွန်းလောင်းပွဲ ဟင်္သာတ၌ကျင်းပ

ဟင်္သာတ မေ ၁၁

ဟင်္သာတမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် ညောင်ရေသွန်းလောင်း ပူဇော်ပွဲကို မေ ၁၁ ရက် ညနေ ၄ နာရီက ဟင်္သာတမြို့ ပဋ္ဌမုခမာရဇိန် ငါးမျက်နှာစေတီတော် ဝင်းအတွင်းရှိ ဗောဓိပင်များတွင် ကျင်းပသည်။

ညောင်ရေသွန်းလောင်း

အခမ်းအနားတွင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်နိုင်နှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များနှင့် အသင်းဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ (၂၁) ရပ်ကွက်မှ လူမှုရေးအသင်းဝင်များနှင့် ပြည်သူများ၊ဝတ်ရွတ်အသင်းများက ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။

အလားတူပင် ဟင်္သာတမြို့ရှိ တန်ခိုးကြီးဘုရားများ ဖြစ်ကြသည့် ကျောက်တော်ကြီးဘုရား၊ဆယ်ထပ်ကြီးဘုရားနှင့် ပြည်လုံးကပ်ကျော်ဦးဘရဲ စေတီဝင်းအတွင်းရှိ ဗောဓိပင်များတွင်လည်း ဗုဒ္ဓဘာသာဝင်များက ညောင်ရေသွန်းလောင်း ပူဇော်ပွဲများ ကျင်းပကြသည်။

(ခရိုင် ပြန်/ဆက်)



ရန်ကုန်မြို့ သာကေတမြို့နယ် ကမ်းလွန်ရေနံအခြေစိုက်စခန်း ရေနံအရာရှိ ရိပ်သာဝင်းအတွင်း အမှတ် နခ(၇) နေ ဦးမြင့်သိန်း(မြန်မာ့ရေနံ)-ဒေါ်စမ်းစမ်းဝင်း၊ သမီး မနုနုဇင်၊ မဖြူဖြူထွန်း၊ မသူသူအောင်၊ သားဗိုလ်ဇေယျာမြင့်သိန်း မိသားစုတို့က ဧရာဝတီတိုင်း မြန်အောင်မြို့ ပရဟိတမြို့ရွှေကျောင်းတိုက် မြန်အောင်သမ္ဗုဒ္ဓေဘုရား စေတီရံတစ်ဆူအတွက် အလှူတော်ငွေကျပ် တစ်သိန်းဆက်ကပ်လှူဒါန်းရာ သာသနာပြုဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်တော်မူစဉ်။(က-ပ)

ဂုဏဝိသိဋ္ဌပူဇော်ပွဲ မိုင်းဖြတ်၌ကျင်းပ

မိုင်းဖြတ် မေ ၁၅

မိုင်းဖြတ်မြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု(ဗဟို)ကျောင်း ပဓာန နာယကဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်အလှူခံရရှိတော်မူသော ဘဒ္ဒန္တနန္ဒောဘာသ ဆရာတော်အား သဒ္ဓမ္မဇောတိကဓဇ ဂုဏဝိသိဋ္ဌပူဇော်ပွဲသဘင်ကို မေ ၁၁ ရက် နံနက်က ယင်းကျောင်းတိုက်မွှာရုံ၌ ကျင်းပသည်။

လျှောက်ထား

ရှေးဦးစွာ ဘွဲ့ခံဆရာတော်အား အခမ်းအနားဖြင့် ပင့်ဆောင်၍ နမောတဿ သုံးကြိမ်ရွတ်ဆိုဖွင့်လှစ်သည်။ မိုင်းဖြတ်မြို့ဈေးတန်း ပရိယတ္တိစာသင်တိုက် အကျိုးတော်ဆောင်ဆရာတော် ဘဒ္ဒန္တဓမ္မပါလထံ ရှစ်ပါးသီလခံယူဆောက်တည်ပြီး ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးညွှန့်က သာသနာရေးဆိုင်ရာကိစ္စများ လျှောက်ထားတင်ပြသည်။

ဩဝါဒကထာ

ဆက်လက်၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ဘွဲ့ခံဆရာတော် ဘဒ္ဒန္တနန္ဒောဘာသက ဩဝါဒကထာမြွက်ကြားကာ ရေစက်ချအမျှပေးဝေသည်။

ထို့နောက် ပူဇော်ပွဲသို့ တက်ရောက်လာကြသော ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဒါယကာ၊ ဒါယိကာမများက သံဃာတော်အရှင်သူမြတ်တို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

အမြို့မြို့ အနယ်နယ် သတင်းများ

စုပေါင်း စိုက်ပျိုး

ဒေါပုံ မြို့နယ် ကျန်းမာရေး ဦးစီးဌာနတွင် ခြံစည်းရိုးကြက်ဆူပင်များကို မေ ၁၂ ရက် က မြို့နယ် ကျန်းမာရေးဝန်ထမ်းများ စုပေါင်းစိုက်ပျိုးကြစဉ်။

(က-ပ)

နောင်တရားမြို့၌ ရှေးဦးသူနာပြုသင်တန်းဖွင့်

နောင်တရား မေ ၁

ရှမ်းပြည်နယ်(တောင်ပိုင်း)နောင်တရားမြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ ရှေးဦးသူနာပြုစုခြင်းသင်တန်းဖွင့်ပွဲကို ဧပြီ၂ရက် နံနက် ၉နာရီက အခြေခံပညာ အထက်တန်းကျောင်း ခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ် အုပ်ချုပ်ရေးမှူး ဦးညီညီအောင်၊ မြို့နယ် ကျန်းမာရေး ဦးစီးဌာန ဦးစီးမှူး ဒေါက်တာ ကောင်းမြတ်နှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မိုးမိုးတို့က အမှာစကားများ ပြောကြားကြသည်။ **(၃၆၉)**

ပြစ်မှုကျူးလွန်မှုများမဖြစ်ပွားရန် ကန့်ဘလူမြို့၌မှုခင်းကျဆင်းရေးဟောပြော

ကန့်ဘလူ မေ ၅

ကန့်ဘလူမြို့နယ် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကကြီးမှူးကျင်းပသော မှုခင်းကျဆင်းရေး ပညာပေးဟောပြောပွဲကို ဧပြီ ၃၀ ရက်က အမှတ်(၁)နှင့် အမှတ် (၅)ရပ်ကွက်များပူးပေါင်း၍ အမှတ်(၁) မူလတန်းလွန်ကျောင်း၌ ကျင်းပသည်။

ဆွေးနွေး

အခမ်းအနားတွင် မြို့နယ် တရားသူကြီးက ပြစ်မှုဆိုင်ရာနှင့် မှုခင်းကျဆင်းရေးဆိုင်ရာများကို ဟောပြောဆွေးနွေးပြီး မြို့နယ်ဥပဒေအရာရှိက ဥပဒေရေးရာများနှင့်ပတ်သက်၍ ဟောပြောဆွေးနွေးသည်။

ထို့နောက် မြို့နယ်စခန်းမှူးရဲအုပ်မောင်မောင်အေးက အသက်(၁၈)နှစ်ပြည့်ပြီးသူများ ဥပဒေ၊ တရားရေးကိစ္စများနှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်ခြင်းများ မဖြစ်ပွားအောင် စောင့်ထိန်းလိုက်နာရမည့် အချက်များ ရှင်းလင်းဆွေးနွေးကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

နှစ်ဖက်မိဘများနှင့် ကျေးဇူးရှင်များအားအမှူးထား၍ရန်ကုန်မြို့ လမ်းမတော်မြို့နယ် (၁)ရပ်ကွက် ၄၄/၄ လမ်းနေ ဦးလှငွေ-(ဒေါ်ထွေးရီ)၊ သား သမီး မြေးတစ်စုတို့က တွံတေးမြို့ မိဘဂုဏ် ဘိုးဘွားရိပ်သာနတ်လမ်း တစ်ခန်းနှင့် အာဟာရနှင့်ဆေးပဒေသာပင်အတွက် ငွေကျပ်သုံးသိန်းလှူဒါန်းရာ ဘိုးဘွားရိပ်သာအဖွဲ့ကလက်ခံရယူစဉ်။ (၃၈၀)

စာပေစည်းစိမ်စာကြည့်တိုက်သို့ စာအုပ်များလှူဒါန်း ရေရှည်တည်တံ့ရေးနှင့်ရှင်သန်ဖွံ့ဖြိုးရေးရှင်းလင်း

မြင်းမူ မေ ၁၇

မြင်းမူမြို့နယ် ပဲတူကျေးရွာ စာပေစည်းစိမ်စာကြည့်တိုက်သို့ ကျေးရွာပြည်သူများက စာအုပ်များစုပေါင်းလှူဒါန်းပွဲ အခမ်းအနားကို မေ ၁၄ရက် နံနက် ၁၁နာရီက အဆိုပါ စာကြည့်တိုက်ရှေ့မဏ္ဍပ်၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် စာကြည့်တိုက် ကြီးကြပ်ရေးကော်မတီ နာယကဆရာတော်ဘဒ္ဒန္တ စန္ဒိမာက ဩဝါဒစကားပြောကြားပြီး မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူး ဦးဇော်ဝမ်းမိုးက စာကြည့်တိုက်သို့ စာအုပ်များ စုပေါင်းလှူဒါန်းပွဲ ဖြစ်မြောက်ရေးအတွက် ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးညိုအုန်းက ထူထောင်ပြီး ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးနှင့် ရှင်သန်ဖွံ့ဖြိုးရေး ရှင်းလင်းပြောကြားသည်။

ဂုဏ်ပြုလွှာ

ထို့နောက် စာပေစည်းစိမ်စာကြည့်တိုက်သို့ စာအုပ်များလှူဒါန်းရာမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးညိုအုန်းက စာအုပ် ၅၀၊မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူး ဦးဇော်ဝမ်းမိုးက စာအုပ် ၁၀၀၊ ကျေးရွာမှ အလှူခံရရှိသော စာအုပ်မျိုးစုံ ၅၀၀ ကျော်ကို ကျေးရွာကိုယ်စားပြု ဆရာမဒေါ်ဝင်းဝင်းမာ၊ ဦးကြည်တိုး၊ ဦးတင်ဝင်းတို့က ပေးအပ်လှူဒါန်းကြရာ ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးဌေးသင်းနှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်ကြောင်းသိရသည်။**(၁၆၇)**

ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကောက်ကော့(၁)လမ်း တိုးချဲ့ကတ္တရာထပ်ပိုးလွှာတင်ခြင်း လုပ်ငန်းဆောင်ရွက်ရာသို့ ဧပြီ၁၄ရက်က အမှုဆောင်အရာရှိ ဦးခင်ကျော်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးကျော်သူမြင့်တို့ ကြီးကြပ်ပေးစဉ်။

(မြို့နယ်စည်ပင်)

ကောလင်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ အစည်းအဝေးကျင်းပ

ကောလင်း မေ ၁၅

ကောလင်းမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ အစည်းအဝေးကို မေ ၁၀ ရက်က မြို့နယ်ရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ညိမ်းက အမှာစကား ပြောကြားပြီးအတွင်းရေးမှူး ဦးမြင့်အောင်က မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့က ပေးပို့သည့် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကိုရှင်းလင်း တင်ပြပြီး ဘဏ္ဍာရေးမှူး ဦးနေဦးက အခန်းလိုက်တင်ပြချက်များနှင့်နောက်ဆက်တွဲများကိုရှင်းလင်း ပြောကြားကြသည်။ **(၀၂၆)**

နေ့ရာသီရေကူးသင်တန်း
တက္ကသိုလ်များရေကူးကန် (သထုံလမ်း)
သင်တန်းစမည့်ရက် - ၂၂ . ၅ . ၀၆
သင်တန်းသူ/သားများ စတင်လက်ခံနေပါပြီ
☎ : 01-513109, 701387

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၆)

မန္တလေးတိုင်းတရားရုံး

၂၀၀၆ခုနှစ် တရားမဇာရီမှုအမှတ်–၁၂၄(အမ်)

မြန်မာ့စီးပွားရေးဘဏ် ညောင်ဦးမြို့	**နှင့်**	၁။ ဦးခင်မောင်မောင် ၂။ ဒေါ်စန်းသီ ၃။ မသူဇာမောင် ၄။ မအေးအေးအောင် ၅။ မမူမူမြင့် ၆။ မနီနီအေး
တရားနိုင်		**တရားရှုံး**

၂၀၀၅ ခုနှစ်၊တရားမကြီးမှုအမှတ်–၂၆၂တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါ ပစ္စည်းကို ၂၀၀၆ခုနှစ် ဇွန် ၂၂ ရက်နေ့ မြန်မာသက္ကရာဇ် (၁၃၆၈ ခုနှစ် နယုန်လပြည့်ကျော် ၁၂ ရက်)နေ့ မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

ပုဂံမြို့ သမုဒ္ဒရာဇ်ရပ် ကွင်းအမှတ် ၁၅၄၄၊ သူဌေးကန်၊ ဦးပိုင် ၃၆/၁၃၄၊ ၃၈/၃၉၊ ဧရိယာ ၁၅ဒသမ ၇၈ဧကရှိ စက်မှုလက်မှုလုပ်ငန်းမြေ။

ပုဂံမြို့ သမုဒ္ဒရာဇ်ရပ် အကွက် ၉၊ ဦးပိုင်၈၇/၈၉၊ဧရိယာ ၀ ဒသမ၂၂၀ဧကရှိ မြေ၊ ၎င်းမြေပေါ်ရှိ (၅၆ x ၄၀ x ၁၈)ပေရှိ နှစ်ထပ်နံကပ်တိုက် (၅၆x ၁၀ x ၁၀)ပေ ရှိ ရှေ့အဖီအပါအဝင် (၄၈ x ၁၂ x ၁၀)ပေရှိ မီးဖို၊ ထမင်းစားခန်း၊ ရေချိုးခန်း၊ ရေအိမ်၊ ယွန်းအလုပ်ရုံ၊ သစ်စေးချက်ခန်း၊ ယွန်းမြေတိုက်နှင့် ယွန်းရေတိုက်၊ ယွန်းပြခန်း၊ ဧည့်ခန်းနှင့် ရေအိမ်၊ အလုပ်ရုံနှင့် အုတ်ရေကန် စက်ပစ္စည်းများ။

ဦးခင်မောင်မောင်ပိုင် မြရတနာရေယာဉ်၏ အတိုင်းအတာ ပေ(၂၀၀x ၃၂ x ၇ဒသမ၆)ပေ ရေယာဉ်တန်ချိန် (၄၂၇ဒသမ၄၆)၊ ရေနွေးငွေ့အင်ဂျင် ဘွိုင်လာအမျိုးအစား မြရတနာရေယာဉ် တစ်စီးနှင့် ၁၆–၁၀–၂၀၀၁ရက်စွဲပါ စက်တပ်ရေယာဉ်သက်သေခံလက်မှတ်တစ်စောင်။

လေလံကြမ်းခင်းဈေး– ကျပ်သိန်း (၂၂၀၀)

ရောင်းချရန် စည်းကမ်းချက်များ

၁။ စာရင်းတွင်ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်ကတရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။

၂။ လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက် မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၆ ခုနှစ် မေလ ၂ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

သိန်းထွန်း
တွဲဖက်တိုင်းတရားသူကြီး(၂)
မန္တလေးတိုင်းတရားရုံး။

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့
ချိပ်ပိတ်ဈေးနှုန်းလွှာခေါ်ယူခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် အသုံးပြုရန်အတွက် အောက်ပါလုပ်ငန်းသုံးပစ္စည်းကို ဌာနအရောက်ကျပ်ငွေဖြင့်(သို့မဟုတ်) ("CIF Yangon") US$ စနစ်ဖြင့် ဝယ်ယူရန်ချိပ်ပိတ်ဈေးနှုန်းလွှာများ ဖိတ်ခေါ်အပ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
(က)	ကျောက်ချဉ်	(၅၀၀)တန်

ဈေးနှုန်းလွှာပိတ်ရက်မှာ ၂၅–၅–၂၀၀၆ရက်နေ့(၁၆:၀၀)နာရီဖြစ်ပြီး ဈေးနှုန်းတင်သွင်းလွှာပုံစံ တစ်စုံလျှင် ကျပ် ၁၀၀၀/–(ကျပ်တစ်ထောင်တိတိ)နှုန်းဖြင့် ဘတ်ဂျက်နှင့် ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရောင်းချရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်းအမှတ်–၃၈၈၇၃၂သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဥက္ကဋ္ဌ
ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့။

ဆီးပူညောင်းကျကာလသားရောဂါ

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၆က/၂၇၀၉၊ န/၁၃၉၁ မော်တော်ယာဉ် လက်ဝယ်ရှိသူက ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃)မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ၁၅ ရက်အတွင်း ကညန၊ ရှေ့တန်းရုံး (မူဆယ်) သို့လာရောက်ဆက်သွယ်ပါရန်။

ကညန၊ ရှေ့တန်းရုံး၊ (မူဆယ်)။

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဦးခင်မောင်မြင့်–ဒေါ်မာလာကြည်၏ သမီး မကေဇင်မျိုးသည် မိဘစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်မယူပါ။ (စုံစမ်းမေးမြန်းခြင်း သည်းခံပါ)။

မိဘများ
မြင်းဒိုက်(ဘူတာ) ကလေးမြို့နယ်။

ဖခင်အမည်မှန်

တောင်ကြီးမြို့ အထက(၅) ဆဋ္ဌမတန်း (B)မှ မောင်သန့်စင်၏ ဖခင်အမည်မှန်မှာ ဦးသိန်းထွန်းဖြစ်ပါကြောင်း။

ဦးသိန်းထွန်း။

အမည်ပြောင်း

ပြည်မြို့ နဝင်းရပ်ကွက်နေ အဖ ဦးဇော်ငြိမ်း၏သား ပန်းဘဲတန်း၊ အမက (ပထမတန်း)တွင် ပညာသင်ကြားနေသော မောင်စွမ်းရည်ထက်(၂)အား ယနေ့မှစ၍ မောင်ဇော်ရဲရင့်နိုင်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ဇော်ရဲရင့်နိုင်။

ကားရောင်းမည်

Hilux-78 model၊ 5°ချိတ်/ဒ/–––နက် လုပ်ငန်းလိုင်စင်၊ ပတ်ကားမိုးပါ၊ တိုက်-**22°/R.106**၊ အေးရိပ်မွန်အိမ်ရာ ဘုရင့်နောင်လမ်း၊ အိုဝမ်းမှတ်တိုင်နီး **ဖုန်း–၀၉–၅၁၀ ၁၃၁၃။**

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် တခလ/၃၉၉၇ လက်ဝယ်ရှိသူက ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့်ကန့်ကွက်လိုပါက (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(တာချီလိတ်)။**

ထိမ်းမြားမင်္ဂလာ ညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဦးမောင်မောင်ထွန်း (မြို့နယ်ပညာရေးမှူး–ငြိမ်း)–
ဒေါ်သန်းမြင့် (အလယ်တန်းပြ–ငြိမ်း) တို့၏ သားထွေး

မောင်မိုးကိုကို (Dip in Mechatronics)

AE; STATS Chip PAC Ltd. (SCS) S' Pore.

နှင့်

ရန်ကုန်မြို့နေ ဦးအေးကြူ (ဘူမိဗေဒအရာရှိ–ငြိမ်း)၊
ဒေါ်မြမြစိုး [အလယ်တန်းပြ အထက(၂) သင်္ဃန်းကျွန်း] တို့၏ တစ်ဦးတည်းသောသမီး

ဒေါက်တာပန်းအိစိုး M.B.,B.S(Ygn)

(အလုပ်သင်ဆရာဝန်)

တို့၏ ၁၁–၅–၂၀၀၆ ကြာသပတေးနေ့တွင် ယုဇနဂါးဒင်း ဟိုတယ်၌ကျင်းပပြုလုပ်သော ထိမ်းမြားမင်္ဂလာညှော်ခံပွဲ တွင် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော ဗိုလ်မှူးချုပ် အေဘယ်လ်(ငြိမ်း)နှင့် ဇနီးဗိုလ်မှူးဒေါ်ခင်သိန်းမူ(ငြိမ်း)အားလည်းကောင်း၊ မင်္ဂလာလက်စွပ်ချီးမြှင့်ပေးပါသော ဦးမောင်မောင်သောင်း(ပညာအလင်းပြပုံနှိပ်တိုက်)နှင့် ဇနီး အထက်တန်းကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းကြည်(ငြိမ်း)အားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲသို့ ကိုယ်တိုင်တက်ရောက်၍လည်းကောင်း၊ ကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ကြသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းနားမှူး ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်တေးသီဆိုပေးသော စိမ်းမို့မို့နှင့် Aces တေးဂီတအဖွဲ့အားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးသော မဆုပြည့်ပြည့်စံ၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ကိုင်ဆောင်ပေးသော မဖြူသက်ထွန်း၊ မင်္ဂလာလက်စွပ် ကိုင်ဆောင်ပေးသော မမြတ်နှင်းဖြူ၊ သတို့သားအရံ ကိုမျိုးမြင့်နိုင်၊ သတို့သမီးအရံ မမြနန္ဒာအောင်တို့အားလည်းကောင်း၊ အလှဖန်တီးရှင် ခင်စန်းဝင်း၊ ဓာတ်ပုံဗီဒီယို မလိမ္မာ၊ ယုဇနဂါးဒင်း ဟိုတယ် မန်နေဂျာနှင့်ဝန်ထမ်းများအားလည်းကောင်း၊ ကျေးဇူးတင်ထိုက်သူ အားလုံးတို့အားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်မိုးကိုကို–ဒေါက်တာပန်းအိစိုး။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် စ/၆၀၄၄ တိုယိုတာလိုက်ထရပ်ယာဉ် လက်ဝယ်ရှိသူအမည် ဦးကျော်ဦး မှတ်ပုံတင်အမှတ် ၁၂/အစန(နိုင်)၁၃၅၇၉၉ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ(၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊အနောက်ပိုင်းခရိုင်ရုံး၊ သင်္ဃန်းကျွန်းမြို့။**

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂က/၁၄၃၈(တိုယိုတာ ကိုရိုလာ ဆလွန်း)ယာဉ်လက်ဝယ်ရှိသူအမည် ဦးထူးအံ့သူ မှတ်ပုံတင်အမှတ် ၉/မထလ(နိုင်)၂၃၆၄၆၅ မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ရန်ကုန်မြောက်ပိုင်းခရိုင်ရုံး၊ အင်းစိန်မြို့။**

သားအဖြစ်မှ စွန့်လွှတ်ခြင်း

ရပ်စောက်မြို့နယ် ပင်ဖြစ်ကျေးရွာ ရပ်ကွက်(၆)နေ မောင်စိုင်းအောင်ကြာ ၁၃/ ရစန(နိုင်)၀၀၀၃၈၁ သည် မိဘများ၏ ဆိုဆုံးမမှုကို နားမထောင်ပါသဖြင့် သားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ (၎င်းနှင့်ပတ်သက်သည့် ကိစ္စများတာဝန်မယူပါ။)

ဦးဆန်လူ ၁၃/ရစန(နိုင်)၀၃၀၂၅၇
ဒေါ်အဲစီ ၁၃/ရစန(နိုင်)၀၃၁၈၁၉။

မဟာဒုက်ဘုရားပွဲ ရေဦးမြို့၌ကျင်းပ

ရေဦး မေ ၁၅

ရေဦးမြို့နှစ်(၁၀၀)ပြည့် မဟာဒုက်ဘုရားပွဲတော်ကို မေ ၁၀ရက် ညနေ ၄နာရီက ကျင်းပရာ ရေဦးမြို့ မင်္ဂလာရာမပရိယတ္တိစာသင်တိုက်တွင်ကိန်းဝပ်စံပယ်တော်မူလျက်ရှိသော မဟာဒုက်ရုပ်ပွား တော်မြတ်ကို မဟာဒုက်ဘုရားရုပ်ပွား တော် ပူဇော်ရန် စာရေးတံမဲကျ၍ ငွေကျပ်၁၀သိန်း မတည်လှူဒါန်းသူ ရေဦးမြို့ အောင်မင်္ဂလာရပ်နေ အောင်ရတနာပဲခွဲစက်ပိုင်ရှင် ဦးတင်ဝင်း၊ ဇနီး ဒေါ်သိန်းသိန်းထိုက်၊ သားသမီး တစ်စုတို့ကကြီးမှူး၍ ဓမ္မစကြာဝတ် အသင်းများ၊ ဘာသာရေးအသင်း အဖွဲ့ဝင်များတို့က မဟာဒုက်ရုပ်ပွားတော်မြတ်ကို မင်္ဂလာရာမ ပရိယတ္တိ ကျောင်းတိုက်မှ ကိန်းဝပ်စံပယ်တော် မူမည့် အောင်မင်္ဂလာရပ်ရှိ မင်္ဂလာ မဏ္ဍပ် ကျောင်းဆောင်တော်သို့ မော်တော်ယာဉ်ဖြင့် စည်ကားသိုက်မြိုက်စွာ ပင့်ဆောင် လှည့်လည်ပူဇော်ကြသည်။ **(အပေါ်ပုံ)**

အနေကဇာတင်

ထို့နောက် မဟာဒုက်ရုပ်ပွားတော်မြတ်ကိန်းဝပ်ရာ မင်္ဂလာမဏ္ဍပ်တွင် မေ ၁၁ရက် နံနက် ၆နာရီက ရေဦးမြို့ပေါ်ကျောင်းတိုက် ၁၆တိုက်မှ ကျောင်းထိုင်ဆရာတော် ၂၃ပါးတို့က မဟာဒုက်ရုပ်ပွားတော်မြတ်အား အနေကဇာတင်တော်မူကြသည်။

ဆက်လက်၍ မင်္ဂလာ မဏ္ဍပ်တော်တွင် မဟာဒုက်ဘုရားစာရေးတံမဲကျသူ ဘုရားဒါယကာ၊ဒါယိကာမများကကြီးမှူး၍ ကုသိုလ်ရှင်များတို့က ပင့်သံဃာ ၅၂ပါးအား ဆွမ်းဆန်စိမ်းနှင့်နဝကမ္မဝတ္ထုငွေများလှူဒါန်းလောင်း လှူကြကြောင်း သိရသည်။ **(၃၇၈)**

ဆည်ဦးစေတီတော် ဗုဒ္ဓပူဇနိယပွဲကျင်းပ ဗောဓိပင်စိုက်၊ ညောင်ရေသွန်းလောင်း

လှည်းကူး မေ ၁၅

လှည်းကူးမြို့နယ် ကြာအင်းအုပ်စု သရက်ချောင်းကျေးရွာနှင့် ကလီထော် ရေလျှောင်ဆည်အနီးရှိ ရသေ့တောင်ပေါ်တွင် ဆုတောင်းပြည့် မဟာဇေယျဓမ္မသိဒ္ဓိ ကိုးနဝင်းဆည်ဦးစေတီ (ရန်အောင် မာန်အောင်ဘုရား)ကို ဆရာကြီး ဦးကျော်က ကြီးမှူး၍ ဘုရားဒါယကာ ဦးဘိုကြည်(ဒေါက်တာ ဗိုလ်သံမဏိ–တောင်တွင်းကြီး)နှင့် ဘုရားဒါယိကာမ ဒေါ်နော်ဂေးလီ မိသားစုနှင့် ဓမ္မမိတ်ဆွေများစုပေါင်း၍ တည်ထား ကိုးကွယ်ပြီး နှစ်စဉ်ကျင်းပ မြဲဖြစ်သော နဝမအကြိမ်မြောက် ဗုဒ္ဓပူဇနိယ ပွဲတော်ကို မေ၁၀ရက် ညနေ ၅ နာရီက ပဋ္ဌာန်းဖွင့်ပွဲ၊ မေ ၁၁ ရက် နံနက်က ပဋ္ဌာန်းအောင်ပွဲ၊ ဘုရားအနေကဇာတင်ပွဲနှင့် နီပေါနိုင်ငံ ဗုဒ္ဓဂယာမှ ဦးအောင်ရွှေဦး–ဒေါ်နီနီ မိသားစု ပင့်ဆောင် လှူဒါန်းသည့် မဟာဗောဓိပင် စိုက်ပျိုးပူဇော်ပွဲများ ကျင်းပသည်။

ပူဇော်

ထို့နောက် မဟာဗောဓိပင်များ အနေကဇာတင်ပွဲနှင့် ညောင်ရေသွန်းလောင်းပွဲတော်ကို နေ့လယ်ပိုင်းတွင် ကျင်းပရာ ဘုရားဒါယကာမိသားစုနှင့် ဓမ္မမိတ်ဆွေများ၊ သရက်ချောင်း ကျေးရွာနှင့် ပျဉ်းမတော ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအဖွဲ့ဝင် ဦးချစ်ခင်၊ ဦးမြချိုနှင့် ဒေသခံ ရွာသူ ရွာသားများနှင့် ကလီထော်ဆည် မိသားစုများက စည်ကားသိုက်မြိုက်စွာဖြင့် ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။

(က–ပ)

မကွေးမြို့နတ်မောက်လမ်း လမ်းလယ်ပန်းခုံ၌ မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများစုပေါင်း၍ ပန်းအလှပင်များ ဖြည့်တင်း စိုက်ပျိုးခြင်းနှင့် ပေါင်းမြက်များရှင်းလင်းနေမှုကို ဧပြီ ၂ရက်က အမှုဆောင်အရာရှိ ဦးဇော်ဝင်း ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)



တနိုင်းမြို့၌ သီးနှံများစိုက်ပျိုးဖြစ်ထွန်းမှုဆွေးနွေး

တနိုင်း မေ ၈

ကချင်ပြည်နယ် တနိုင်းမြို့နယ်အတွင်းရှိ ကျေးရွာများသို့ သီးနှံငါးမျိုး စိုက်ပျိုးဖြစ်ထွန်းနေမှု အခြေအနေများကို ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိန်ဟုတ် ဦးဆောင်သည့် ခရိုင်စိုက်ပျိုးရေး ကြီးကြပ်အဖွဲ့သည် မေ ၄ရက်က တနိုင်းမြို့နယ်သို့ရောက်ရှိခဲ့ပြီး နောင်းမြီ၊ ကောင်တာ၊နန်ဖြတ်၊ တိန်ကောက် ကျေးရွာများတွင် သီးနှံငါးမျိုး စိုက်ပျိုးနိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တောင်သူများနှင့် တွေ့ဆုံဆွေးနွေးကြသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်ဥက္ကဋ္ဌဦးလွမ်းမိုးဟန်၊ မြို့နယ်ရဲတပ်ဖွဲ့ ဒုတိယရဲမှူး ညီစိန်၊ မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနဦးစီးမှူး ဦးစောနိုင်ဦး၊ မြို့နယ်အတွင်းရေးမှူး ဦးတင်အောင်လွင်နှင့် မြို့နယ်စိုက်ပျိုးရေး ကြီးကြပ်မှုအဖွဲ့ဝင်များတက်ရောက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

ခရီးသွားလာမှု လွယ်ကူလျင်မြန် အဆင်ပြေချောမွေ့စေရေး နေပြည်တော်-ပုဂံ-နေပြည်တော် အမြန်ရထား စတင်ပြေးဆွဲ ရန်ကုန်မှ ပုဂံသို့ တောက်လျှောက်သွားလိုသူများ ချိတ်ဆက်စီးနင်းနိုင်ရန် စီစဉ်ထား

နေပြည်တော် မေ ၁၈

နေပြည်တော်-ပုဂံ-နေပြည်တော် အမြန်ရထားစတင်ပြေးဆွဲသည့် အခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် နေပြည်တော်မြို့ ပျဉ်းမနားဘူတာ၌ ကျင်းပရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း တက်ရောက်အားပေးချီးမြှင့်ပြီး အမြန်ရထား စတင်ပြေးဆွဲသည့်အထိမ်းအမှတ်လက်ဆောင်ပစ္စည်းများကို ခရီးသွားပြည်သူများအား ပေးအပ်သည်။

တက်ရောက်

အခမ်းအနားသို့ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော သူရဦးသောင်းလွင်နှင့် ဦးဖေသန်း၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြန်မာ့မီးရထားမှဝန်ထမ်းများ၊ ဧည့်သည်များ၊ ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများ တက်ရောက်ကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ရှေးဦးစွာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် နံနက် ၇ နာရီတွင် နေပြည်တော်မြို့ ပျဉ်းမနားဘူတာသို့ ရောက်ရှိလာပြီး အခမ်းအနားသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ဧည့်သည်များနှင့် ဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ *စာမျက်နှာ ၇ ကော်လံ ၃* ■

ရင်းရင်းနှီးနှီးနှုတ်ဆက်

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ပုဂံဘူတာသို့ စတင်ထွက်ခွာမည့် အမှတ်(၁၀၇)အဆန် နေပြည်တော်-ပုဂံ အမြန်ရထား ခရီးသွား ရဟာန်းရှင်လူပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး အထိမ်းအမှတ်လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ် စာပေညီလာခံဂုဏ်ပြု အလှူငွေပေးအပ်

အလှူငွေများ ပေးအပ်လှူဒါန်း

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းထံ နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း စာတည်းမှူးချုပ် ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)က အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရန်ကုန် မေ ၁၈

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ် စာပေညီလာခံ ဂုဏ်ပြုအလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်အားပေးသည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း) နှင့် ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ စာပေနှင့် စာနယ်ဇင်းအဖွဲ့များမှ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး ဦးလှထွန်း(လှထွန်း-တွံတေး)က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

ရှေးဦးစွာ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင် (ကိုဆောင်း)က နှုတ်ခွန်းဆက်စကားပြောကြားသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ●

မိုးလေဝသအခြေအနေ (မေ ၁၉ ရက်)

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

လယ်မြေဧကတစ်သိန်း အကျိုးပြုမည့် ပဲခူးတိုင်း ဖြူးချောင်းရေလှောင်တမံ ၂၄၇၇ ပေရှည်သော ရေလွှဲဥမင်တိုးလျှိုပေါက် ဖောက်လုပ်ပြီးစီးပြီ

ကွင်းဆင်းလေ့လာရေးသားသူ-ကျော်စိန်

ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး (မြန်မာ့အလင်း)

ရန်ကုန် မေ ၁၈

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် စပါးသီးနှံအပါအဝင် သီးနှံစုံ ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ရေးနှင့် ဒေသစိမ်းလန်းစိုပြည်ရေးကို ရှေးရှု၍ အချိန်တိုအတွင်းပြီးစီးနိုင်မည့် အသေးစား၊ အလတ်စားဆည်မြောင်းစီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

တစ်ချိန်တည်းမှာပင် စိုက်ပျိုးရေး၊ လူမှုရေးနှင့် စီးပွားရေးကဏ္ဍများတွင် သက်ဆိုင်ရာဒေသများသာမက နိုင်ငံတော်အတွက် များစွာအကျိုးရှိမည့် ဘက်စုံစီမံကိန်းကြီးများကိုလည်း ဖော်ဆောင်ဖြည့်ဆည်းပေးလျက်ရှိသည်။ *စာမျက်နှာ ၁၁ ကော်လံ ၁* ❐